မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၃၈ ]** ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက် ( ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၂၈/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

**တိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးအောင်ကြည် ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၂၉/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါ်လှမြင့် ကို မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်အမှတ် ၃၀/၂၀၁၉

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

### ပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးထွန်းမင်းအောင် ကို မွန်ပြည်နယ်အစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်အမှတ် ၃၁/၂၀၁၉

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)

### စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၄ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဦးမျိုးမောင် ကို စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်အမှတ် ၃၂/၂၀၁၉

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

### ပြည်ထောင်စုဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅၊ ပုဒ်မခွဲ (ခ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ကို ယင်း၏သဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၃၃/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)

**စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးဖြိုးဖြိုး ကို စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၃၄/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)

**ပြည်ထောင်စုဝန်ကြီးတာဝန် ပူးတွဲထမ်းဆောင်စေခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ တာဝန်ကိုပါ ယနေ့မှစ၍ ပူးတွဲထမ်းဆောင်စေလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၈၉/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော် ကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၉၂/၂၀၁၉

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဦးခွန်အေးနိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စက်မှုလယ်ယာဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အသေးစားစက်မှုလက်မှုလုပ်ငန်း<br>ဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန |
| (၂) | ဦးသန့်စင်လွင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ<br>ညွှန်ကြားမှုဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား<br>စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ<br>ညွှန်ကြားမှုဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား<br>စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၁၉

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရအကြား ပင်လယ်ရေကြောင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရအကြား ပင်လယ်ရေကြောင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ အကောင်အထည်ဖော်ဆောင်ရာတွင် လွယ်ကူချောမွေ့စွာ လုပ်ဆောင်နိုင်ရေး လုပ်ငန်းအဖွဲ့ (မြန်မာဘက်) ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) ဗိုလ်မှူးကြီး တင်မောင်သန်း ဥက္ကဋ္ဌ
ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)

(ခ) ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဂ) ရဲမှူးကြီး　အဖွဲ့ဝင်
ရေကြောင်းရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဆ) ရေကြောင်းပြမှူးကြီး　အဖွဲ့ဝင်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ည) ဌာနကြီးမှူး　အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဌ) ညွှန်ကြားရေးမှူး　အတွင်းရေးမှူး
နိုင်ငံတကာနှင့် ပြည်တွင်းရေးရာဦးစီးဌာန
ကာကွယ်ရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရအကြား ပင်လယ်ရေကြောင်း လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကုန်သွယ်သင်္ဘောများ၏ လမ်းကြောင်းရှာဖွေရေးလွယ်ကူစေရန် အချက်အလက်များမျှဝေရန် အတွက် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံရှိ နိုင်ငံတကာရေကြောင်းအဖွဲ့ အသိအမှတ်ပြုဒေသဆိုင်ရာ အချက်အလက်ဗဟိုဌာန (IMO-Mandated Regional Data Centres) မှတစ်ဆင့် တာဝေး ထောက်လှမ်းခြင်းနှင့် လမ်းကြောင်းရှာဖွေခြင်း (Long Range Identification and Tracking-LRIT) ကို အသုံးပြုခြင်း၊

(ခ) ကုန်သွယ်ရေးသင်္ဘောများသွားလာမှုနှင့်စပ်လျဉ်း၍ လုံခြုံရေးအဆင့်အတန်း သတ်မှတ်ခြင်းမရှိသည့် သတင်းအချက်အလက်များနှင့် အကဲဆတ်မှုမရှိသော သတင်းအချက်အလက်များ ဖလှယ်ခြင်း၊

(ဂ) အလိုအလျောက် အမျိုးအစားခွဲခြားသည့်စနစ် (Automatic Identification System-AIS) ဖြင့် အချက်အလက်များ မျှဝေခြင်း၊

(ဃ) ပင်လယ်ပြင်ပိုင်နက်ဆိုင်ရာ အသိပညာပေးရေး (Maritime Domain Awareness-MDA) သင်တန်းများပေးခြင်း၊

(င) ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ခြင်းအားဖြင့် ရှာဖွေရေးနှင့် ကယ်ဆယ်ရေး နယ်ပယ်ရှိ ပင်လယ်ပြင်ဆိုင်ရာ ချိတ်ဆက်မှုများကို ခိုင်မာစေခြင်း၊ ရေကြောင်းကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုဌာနများ (Maritime Rescue Coordination Centre-MRCC) တည်ဆောက်ရာတွင် ကျွမ်းကျင်မှုနှင့် နည်းပညာအကူအညီများမျှဝေခြင်း၊ ဘေးအန္တရာယ်ဆိုင်ရာ သတိပေးချက်များနှင့် လုံခြုံမှုသတင်းအချက်အလက်များ လက်ခံရယူခြင်း၊ လွှဲပြောင်းပေးပို့ခြင်းပြုရာတွင် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ရှာဖွေရေးနှင့် ကယ်ဆယ်ရေး (Search and Rescue-SAR) လေ့ကျင့်မှုသင်တန်းများ ဆောင်ရွက်ခြင်း၊

(စ) စာချုပ်ဝင်နိုင်ငံများက သဘောတူညီလုပ်ဆောင်လျက်ရှိသည့် လုပ်ထုံးလုပ်နည်းများအရ သတ်မှတ်ထားသော ဆက်သွယ်ရေးဌာနများ (Points of Contact-POC) အကြား သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ခြင်းများနှင့် သုံးသပ်ချက်များ ပြုလုပ်ခြင်းတို့ကို ပုံမှန်ဆောင်ရွက်ခြင်းနှင့် ပင်လယ်ရေပြင်၌ တရားမဝင်လုပ်ဆောင်မှုများနှင့်စပ်လျဉ်း၍ ဆက်သွယ်မှုလမ်းကြောင်းကို ထိန်းသိမ်းခြင်း၊

(ဆ) နိုင်ငံတကာရေကြောင်းအဖွဲ့အစည်း၏ သတ်မှတ်အဆင့် (၁) နှင့် (၂) သင်တန်းများပေးခြင်းမှ တစ်ဆင့် ပင်လယ်ပြင်ညစ်ညမ်းမှု တုံ့ပြန်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုခိုင်မာစေခြင်း၊ နှစ်နိုင်ငံအတွင်း ဖြစ်ပေါ်လာနိုင်သော မမျှော်မှန်းနိုင်သည့်ကိစ္စများအတွက် စီမံချက်များချမှတ်ခြင်း၊ အပြန်အလှန်ကူညီခြင်းနှင့် စွမ်းဆောင်ရည်တည်ဆောက်ခြင်းများတွင် ထောက်ပံ့ပေးခြင်းနှင့် ပင်လယ်ပြင်ညစ်ညမ်းမှုတုံ့ပြန်ရေးဆိုင်ရာ ဖြေရှင်းရေးအတွက် လေ့ကျင့်မှုများတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ဇ) သက်ဆိုင်ရာရေတပ်နှင့် ကမ်းခြေစောင့်တပ်များအကြား ဖြစ်နိုင်မှုရှိသည့် နယ်ပယ်များတွင် ပင်လယ်ပြင်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းကင်းလှည့်ခြင်းများ၊ စားပွဲတင်လေ့ကျင့်ခန်းများ (tabletop exercises) နှင့် နှီးနှောဖလှယ်ပွဲများအပေါ် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) သတ်မှတ်ထားသည့် အမျိုးသားဆူနာမီနှင့် ဆိုင်ကလုန်းသတိပေးဗဟိုဌာနများအပြင် သဘောတူထားသည့် ဆက်သွယ်ရေးဌာနများသို့ ဆူနာမီနှင့် ဆိုင်ကလုန်းသတိပေးချက်များအား တစ်ပြိုင်တည်း မျှဝေဖလှယ်ခြင်း၊

(ည) ပင်လယ်ပြင်၌ တရားမဝင်လုပ်ကိုင်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဥပဒေရေးရာနှင့် မူဝါဒရေးရာ ကိစ္စရပ်များကို ဖော်ထုတ်ဖြေရှင်းခြင်း၊

(ဋ) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ရေးနှင့် သဘာဝဘေးအန္တရာယ်ကူညီပေးရေး (Humanitarian Assistance and Disaster Relief-HADR) နှင့်စပ်လျဉ်း၍ စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊

(ဌ) ရေအောက်တိုင်းတာရေးပညာရပ်ဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

**၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသော **၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၅ (က) အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ (မူကြမ်း)
# (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)

၁၃၈၁ ခုနှစ်၊　　လ　　ရက်

(၂၀၁၉ ခုနှစ်၊　　လ　　ရက်)

**နိဒါန်း**

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏စီးပွားရေးမူဝါဒများ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။　(က) ဤဥပဒေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။　ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။　ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အမျိုးသားစီမံကိန်း**ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန/ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကိုအခြေခံသော စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ဘဏ္ဍာနှစ်**ဆိုသည်မှာ အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလဖြစ်သည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ**ဆိုသည်မှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းဖြစ်သည်။

(င) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ**ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသ ဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်ဈေးနှုန်းအရ ၇. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် ၂. ၃ ရာခိုင်နှုန်းတိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၂. ၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၉. ၀ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၀. ၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၅. ၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၉. ၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၇. ၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၉. ၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၈. ၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၉. ၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၁၁. ၃ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၄. ၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂. ၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇. ၇ ရာခိုင်နှုန်းတိုးတက်ရန်။

(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) ကချင်ပြည်နယ်တွင် ၈. ၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၂) ကယားပြည်နယ်တွင် ၄. ၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(၃) ကရင်ပြည်နယ်တွင် ၇. ၆ ရာခိုင်နှုန်းတိုးတက်ရန်၊

(၄) ချင်းပြည်နယ်တွင် ၇. ၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၇. ၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၂. ၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၇) ပဲခူးတိုင်းဒေသကြီးတွင် ၆. ၄ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) မကွေးတိုင်းဒေသကြီးတွင် ၈. ၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၉) မန္တလေးတိုင်းဒေသကြီးတွင် ၆. ၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၀) မွန်ပြည်နယ်တွင် ၆. ၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၁) ရခိုင်ပြည်နယ်တွင် ၄. ၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၈. ၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၃) ရှမ်းပြည်နယ်တွင် ၅. ၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၄. ၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၉. ၂ ရာခိုင်နှုန်းတိုးတက်ရန်။

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၁. ၅ ရာခိုင်နှုန်းမှ ၂၀. ၃ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈. ၀ ရာခိုင်နှုန်းမှ ၃၈. ၇ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၀. ၅ ရာခိုင်နှုန်းမှ ၄၁. ၀ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(င) နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကို ကျပ် ၈၄,၃၄၇. ၄ ဘီလီယံဖြစ်ပေါ်စေရန်၊

(စ) နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၇. ၀၉ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် ၀. ၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၂. ၉၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊

(ဆ) နှစ်အလိုက်ဈေးနှုန်းအရ ပြည်ပပို့ကုန်ကို အမေရိကန်ဒေါ်လာ ၁၅,၅၀၀. ၀ သန်း တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို အမေရိကန်ဒေါ်လာ ၁၇,၅၀၀. ၀ သန်း တင်သွင်းရန်၊

(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁,၉၄၉,၇၃၀ မှ ကျပ် ၂,၁၈၀,၇၅၅ သို့ ဖြစ်ပေါ်လာရန်။

## အခန်း (၃)
## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ပူးတွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) နှင့် (၇) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်းအကောင်အထည် ဖော်ကြရန်ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ်

အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ မဟာဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက်စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ကာလတို ၅ နှစ် စီမံကိန်း၌ ထည့်သွင်းရေးဆွဲပြီးမှ နှစ်စဉ်အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြရမည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် အရေးကြီးလိုအပ်ချက်အရ ဆောင်ရွက်ရသည့် အထူးစီမံကိန်းများနှင့် စီမံကိန်းဘဏ်အတွင်း ထည့်သွင်းစိစစ်အတည်ပြုထားသည့် ဗျူဟာမြောက်စီမံကိန်းများကို ကာလတို ၅ နှစ် စီမံကိန်းတွင် မပါရှိသော်လည်း နှစ်စဉ်အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြခွင့်ရှိသည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့်လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် တာဝန်ရှိ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန်ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရမည်။

၁၄။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**ပူးတွဲ-၁**

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၉,၉၉၇,၁၄၆. ၀** | **၂၂. ၅** | **၂. ၁** | **၂၀,၄၉၆,၄၉၄. ၄** | **၂၁. ၅** | **၂. ၅** |
| | ၁ | လယ်ယာ | ၁၂,၉၈၇,၅၄၇. ၇ | ၁၄. ၆ | ၁. ၁ | ၁၃,၂၉၁,၃၇၀. ၉ | ၁၃. ၉ | ၂. ၃ |
| | ၂ | သားငါး | ၆,၉၄၂,၃၉၃. ၅ | ၇. ၈ | ၄. ၃ | ၇,၁၄၃,၉၄၅. ၅ | ၇. ၅ | ၂. ၉ |
| | ၃ | သစ်တော | ၆၇,၂၀၄. ၈ | ၀. ၁ | -၉. ၈ | ၆၁,၁၇၈. ၀ | ၀. ၁ | -၉. ၀ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၃၂,၁၃၇,၂၁၄. ၅** | **၃၆. ၀** | **၈. ၄** | **၃၄,၈၉၅,၆၃၆. ၉** | **၃၆. ၆** | **၈. ၆** |
| | ၁ | စွမ်းအင် | ၃,၂၆၈,၄၉၅. ၀ | ၃. ၇ | ၁. ၃ | ၃,၂၈၅,၂၅၁. ၇ | ၃. ၄ | ၀. ၅ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၉၁၄,၃၅၀. ၇ | ၁. ၀ | ၅. ၁ | ၉၆၁,၉၁၂. ၀ | ၁. ၀ | ၅. ၂ |
| | ၃ | စက်မှုလက်မှု | ၂၀,၉၆၃,၂၄၆. ၁ | ၂၃. ၅ | ၉. ၈ | ၂၃,၀၄၃,၆၃၈. ၉ | ၂၄. ၂ | ၉. ၉ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၃၇၉,၅၇၀. ၃ | ၁. ၅ | ၇. ၆ | ၁,၄၈၈,၇၇၃. ၈ | ၁. ၆ | ၇. ၉ |
| | ၅ | ဆောက်လုပ်မှု | ၅,၆၁၁,၅၅၂. ၄ | ၆. ၃ | ၈. ၆ | ၆,၁၁၆,၀၆၀. ၅ | ၆. ၄ | ၉. ၀ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၃၇,၀၄၇,၃၁၇. ၀** | **၄၁. ၅** | **၈. ၀** | **၄၀,၀၃၇,၀၈၇. ၂** | **၄၁. ၉** | **၈. ၁** |
| | ၁ | ပို့ဆောင်ရေး | ၁၀,၆၉၀,၃၁၉. ၂ | ၁၂. ၀ | ၈. ၁ | ၁၁,၅၆၂,၉၀၁. ၉ | ၁၂. ၁ | ၈. ၂ |
| | ၂ | ဆက်သွယ်ရေး | ၂,၃၀၃,၀၀၀. ၆ | ၂. ၆ | ၁၁. ၄ | ၂,၅၂၂,၀၃၈. ၀ | ၂. ၆ | ၉. ၅ |
| | ၃ | ငွေရေးကြေးရေး | ၃၆၇,၆၀၅. ၂ | ၀. ၄ | ၇. ၁ | ၄၀၉,၀၂၇. ၆ | ၀. ၄ | ၁၁. ၃ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၁၆၃,၅၈၅. ၂ | ၃. ၅ | ၄. ၂ | ၃,၂၉၅,၀၁၂. ၇ | ၃. ၅ | ၄. ၂ |
| | ၅ | အခြားဝန်ဆောင်မှု | ၂,၇၉၀,၇၈၉. ၃ | ၃. ၁ | ၁၂. ၄ | ၃,၁၄၉,၁၃၈. ၂ | ၃. ၃ | ၁၂. ၈ |
| | ၆ | ကုန်သွယ်မှု | ၁၇,၇၃၂,၀၁၇. ၅ | ၁၉. ၉ | ၇. ၆ | ၁၉,၀၉၈,၉၆၈. ၈ | ၂၀. ၀ | ၇. ၇ |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၈၉,၁၈၁,၆၇၇. ၅** | **၁၀၀. ၀** | **၆. ၈** | **၉၅,၄၂၉,၂၁၈. ၅** | **၁၀၀. ၀** | **၇. ၀** |

**ပူးတွဲ-၂**

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
## ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၅၂,၁၃၄,၃၆၀. ၅** | **၅၈. ၅** | **၅. ၉** | **၅၅,၃၉၂,၁၃၁. ၃** | **၅၈. ၁** | **၆. ၂** |
| | ၁ | လယ်ယာ | ၁၂,၉၈၇,၅၄၇. ၇ | ၁၄. ၆ | ၁. ၁ | ၁၃,၂၉၁,၃၇၀. ၉ | ၁၃. ၉ | ၂. ၃ |
| | ၂ | သားငါး | ၆,၉၄၂,၃၉၃. ၅ | ၇. ၈ | ၄. ၃ | ၇,၁၄၃,၉၄၅. ၅ | ၇. ၅ | ၂. ၉ |
| | ၃ | သစ်တော | ၆၇,၂၀၄. ၈ | ၀. ၁ | -၉. ၈ | ၆၁,၁၇၈. ၀ | ၀. ၁ | -၉. ၀ |
| | ၄ | စွမ်းအင် | ၃,၂၆၈,၄၉၅. ၀ | ၃. ၇ | ၁. ၃ | ၃,၂၈၅,၂၅၁. ၇ | ၃. ၄ | ၀. ၅ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၉၁၄,၃၅၀. ၇ | ၁. ၀ | ၅. ၁ | ၉၆၁,၉၁၂. ၀ | ၁. ၀ | ၅. ၂ |
| | ၆ | စက်မှုလက်မှု | ၂၀,၉၆၃,၂၄၆. ၁ | ၂၃. ၅ | ၉. ၈ | ၂၃,၀၄၃,၆၃၈. ၉ | ၂၄. ၂ | ၉. ၉ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁,၃၇၉,၅၇၀. ၃ | ၁. ၅ | ၇. ၆ | ၁,၄၈၈,၇၇၃. ၈ | ၁. ၆ | ၇. ၉ |
| | ၈ | ဆောက်လုပ်မှု | ၅,၆၁၁,၅၅၂. ၄ | ၆. ၃ | ၈. ၆ | ၆,၁၁၆,၀၆၀. ၅ | ၆. ၄ | ၉. ၀ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၉,၃၁၅,၂၉၉. ၅** | **၂၁. ၆** | **၈. ၄** | **၂၀,၉၃၈,၁၁၈. ၄** | **၂၁. ၉** | **၈. ၄** |
| | ၁ | ပို့ဆောင်ရေး | ၁၀,၆၉၀,၃၁၉. ၂ | ၁၂. ၀ | ၈. ၁ | ၁၁,၅၆၂,၉၀၁. ၉ | ၁၂. ၁ | ၈. ၂ |
| | ၂ | ဆက်သွယ်ရေး | ၂,၃၀၃,၀၀၀. ၆ | ၂. ၆ | ၁၁. ၄ | ၂,၅၂၂,၀၃၈. ၀ | ၂. ၆ | ၉. ၅ |
| | ၃ | ငွေရေးကြေးရေး | ၃၆၇,၆၀၅. ၂ | ၀. ၄ | ၇. ၁ | ၄၀၉,၀၂၇. ၆ | ၀. ၄ | ၁၁. ၃ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၁၆၃,၅၈၅. ၂ | ၃. ၅ | ၄. ၂ | ၃,၂၉၅,၀၁၂. ၇ | ၃. ၅ | ၄. ၂ |
| | ၅ | အခြားဝန်ဆောင်မှု | ၂,၇၉၀,၇၈၉. ၃ | ၃. ၁ | ၁၂. ၄ | ၃,၁၄၉,၁၃၈. ၂ | ၃. ၃ | ၁၂. ၈ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁၇,၇၃၂,၀၁၇. ၅** | **၁၉. ၉** | **၇. ၆** | **၁၉,၀၉၈,၉၆၈. ၈** | **၂၀. ၀** | **၇. ၇** |
| **၄** | | **စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၈၉,၁၈၁,၆၇၇. ၅** | **၁၀၀. ၀** | **၆. ၈** | **၉၅,၄၂၉,၂၁၈. ၅** | **၁၀၀. ၀** | **၇. ၀** |

**ပူးတွဲ-၃**

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏
## စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁,၇၀၉,၆၀၁. ၇ | ၁. ၉ | ၆. ၇ | ၁,၈၄၇,၁၄၄. ၆ | ၁. ၉ | ၈. ၀ |
| ၂ | ကယားပြည်နယ် | ၃၁၃,၀၁၇. ၃ | ၀. ၄ | ၆. ၁ | ၃၂၈,၀၁၅. ၇ | ၀. ၄ | ၄. ၈ |
| ၃ | ကရင်ပြည်နယ် | ၁,၆၀၉,၄၁၇. ၈ | ၁. ၈ | ၈. ၁ | ၁,၇၃၂,၃၉၅. ၃ | ၁. ၈ | ၇. ၆ |
| ၄ | ချင်းပြည်နယ် | ၃၇၆,၁၇၉. ၉ | ၀. ၄ | ၆. ၃ | ၄၀၅,၈၉၂. ၄ | ၀. ၄ | ၇. ၉ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၀,၅၄၅. ၉၇၉. ၈ | ၁၁. ၈ | ၇. ၅ | ၁၁,၃၅၃,၅၂၆. ၈ | ၁၁. ၉ | ၇. ၇ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၅၇၈,၀၉၈. ၆ | ၄. ၀ | ၂. ၂ | ၃,၆၆၆,၀၅၀. ၁ | ၃. ၈ | ၂. ၅ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၇,၃၄၆,၁၁၁. ၃ | ၈. ၂ | ၆. ၇ | ၇,၈၁၇,၆၀၅. ၁ | ၈. ၂ | ၆. ၄ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇,၀၅၈,၆၄၂. ၁ | ၇. ၉ | ၄. ၀ | ၇,၆၁၉,၈၅၅. ၆ | ၈. ၀ | ၈. ၀ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၉,၆၈၀,၅၁၇. ၂ | ၁၀. ၉ | ၇. ၂ | ၁၀,၃၃၈,၇၈၀. ၁ | ၁၀. ၈ | ၆. ၈ |
| ၁၀ | မွန်ပြည်နယ် | ၃,၆၂၀,၂၆၄. ၃ | ၄. ၁ | ၇. ၆ | ၃,၈၆၁,၉၅၈. ၂ | ၄. ၁ | ၆. ၇ |
| ၁၁ | ရခိုင်ပြည်နယ် | ၃,၈၈၇,၁၁၃. ၃ | ၄. ၄ | ၆. ၁ | ၄,၀၄၆,၇၈၈. ၇ | ၄. ၂ | ၄. ၁ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၂,၂၂၃,၇၈၅. ၀ | ၂၄. ၉ | ၉. ၁ | ၂၄,၂၀၉,၆၆၉. ၇ | ၂၅. ၄ | ၈. ၉ |
| ၁၃ | ရှမ်းပြည်နယ် | ၅,၂၀၂,၅၆၁. ၁ | ၅. ၈ | ၅. ၃ | ၅,၅၀၉,၅၈၃. ၇ | ၅. ၈ | ၅. ၉ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၀,၁၇၂,၀၅၉. ၂ | ၁၁. ၄ | ၅. ၀ | ၁၀,၆၆၂,၀၀၀. ၅ | ၁၁. ၂ | ၄. ၈ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၈၅၈,၃၂၈. ၉ | ၂. ၁ | ၆. ၈ | ၂,၀၂၉,၉၅၂. ၀ | ၂. ၁ | ၉. ၂ |

**ပူးတွဲ-၄**

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
## ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၂၂,၆၉၆,၄၄၀.၉** | **၂၁.၅** | **၂၄,၁၄၀,၅၉၀.၉** | **၂၀.၃** | **၆.၄** |
| | ၁ | လယ်ယာ | ၁၄,၅၀၇,၉၄၆.၇ | ၁၃.၇ | ၁၅,၃၀၈,၉၃၉.၅ | ၁၂.၉ | ၅.၅ |
| | ၂ | သားငါး | ၈,၁၀၇,၉၄၀.၃ | ၇.၇ | ၈,၇၅၄,၄၁၄.၀ | ၇.၃ | ၈.၀ |
| | ၃ | သစ်တော | ၈၀,၅၅၃.၉ | ၀.၁ | ၇၇,၂၃၇.၄ | ၀.၁ | -၄.၁ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၄၀,၀၅၀,၂၃၆.၉** | **၃၈.၀** | **၄၆,၀၉၅,၁၀၈.၄** | **၃၈.၇** | **၁၅.၁** |
| | ၁ | စွမ်းအင် | ၄,၆၈၈,၀၁၂.၄ | ၄.၄ | ၄,၇၂၄,၇၇၆.၁ | ၄.၀ | ၀.၈ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁,၀၁၂,၆၃၈.၅ | ၁.၀ | ၁,၀၉၇,၃၂၂.၈ | ၀.၉ | ၈.၄ |
| | ၃ | စက်မှုလက်မှု | ၂၆,၁၈၆,၆၆၃.၁ | ၂၄.၈ | ၃၀,၄၇၉,၁၀၄.၇ | ၂၅.၆ | ၁၆.၄ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၄၆၁,၉၂၀.၂ | ၁.၄ | ၂,၀၈၀,၀၃၇.၃ | ၁.၇ | ၄၂.၃ |
| | ၅ | ဆောက်လုပ်မှု | ၆,၇၀၁,၀၀၂.၇ | ၆.၄ | ၇,၇၁၃,၈၆၇.၅ | ၆.၅ | ၁၅.၁ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၄၂,၇၃၅,၆၄၇.၆** | **၄၀.၅** | **၄၈,၇၈၇,၇၀၆.၀** | **၄၁.၀** | **၁၄.၂** |
| | ၁ | ပို့ဆောင်ရေး | ၁၁,၈၃၈,၈၁၃.၆ | ၁၁.၂ | ၁၃,၅၅၅,၄၄၁.၅ | ၁၁.၄ | ၁၄.၅ |
| | ၂ | ဆက်သွယ်ရေး | ၂,၀၇၇,၀၂၅.၉ | ၂.၀ | ၂,၂၃၄,၉၃၅.၇ | ၁.၉ | ၇.၆ |
| | ၃ | ငွေရေးကြေးရေး | ၃၆၇,၆၀၅.၂ | ၀.၄ | ၄၀၉,၀၂၇.၆ | ၀.၃ | ၁၁.၃ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၄၂၇,၃၈၄.၉ | ၃.၂ | ၃,၅၈၀,၃၂၉.၃ | ၃.၀ | ၄.၅ |
| | ၅ | အခြားဝန်ဆောင်မှု | ၃,၃၈၄,၅၆၉.၈ | ၃.၂ | ၄,၀၇၈,၄၀၆.၆ | ၃.၄ | ၂၀.၅ |
| | ၆ | ကုန်သွယ်မှု | ၂၁,၆၄၀,၂၄၈.၂ | ၂၀.၅ | ၂၄,၉၂၉,၅၆၅.၃ | ၂၁.၀ | ၁၅.၂ |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၁၀၅,၄၈၂,၃၂၅.၄** | **၁၀၀.၀** | **၁၁၉,၀၂၃,၄၀၅.၃** | **၁၀၀.၀** | **၁၂.၈** |

**ပူးတွဲ-၅**

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
## ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၆၂,၇၄၆,၆၇၇. ၈** | **၅၉. ၅** | **၇၀,၂၃၅,၆၉၉. ၃** | **၅၉. ၀** | **၁၁. ၉** |
| | ၁ | လယ်ယာ | ၁၄,၅၀၇,၉၄၆. ၇ | ၁၃. ၇ | ၁၅,၃၀၈,၉၃၉. ၅ | ၁၂. ၉ | ၅. ၅ |
| | ၂ | သားငါး | ၈,၁၀၇,၉၄၀. ၃ | ၇. ၇ | ၈,၇၅၄,၄၁၄. ၀ | ၇. ၃ | ၈. ၀ |
| | ၃ | သစ်တော | ၈၀,၅၅၃. ၉ | ၀. ၁ | ၇၇,၂၃၇. ၄ | ၀. ၁ | -၄. ၁ |
| | ၄ | စွမ်းအင် | ၄,၆၈၈,၀၁၂. ၄ | ၄. ၄ | ၄,၇၂၄,၇၇၆. ၁ | ၄. ၀ | ၀. ၈ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁,၀၀၂,၆၃၈. ၅ | ၁. ၀ | ၁,၀၉၇,၃၂၂. ၈ | ၀. ၉ | ၈. ၄ |
| | ၆ | စက်မှုလက်မှု | ၂၆,၁၈၆,၆၆၃. ၁ | ၂၄. ၈ | ၃၀,၄၇၉,၁၀၄. ၇ | ၂၅. ၆ | ၁၆. ၄ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁,၄၆၁,၉၂၀. ၂ | ၁. ၄ | ၂,၀၈၀,၀၃၇. ၃ | ၁. ၇ | ၄၂. ၃ |
| | ၈ | ဆောက်လုပ်မှု | ၆,၇၀၁,၀၀၂. ၇ | ၆. ၄ | ၇,၇၁၃,၈၆၇. ၅ | ၆. ၅ | ၁၅. ၁ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၂၁,၀၉၅,၃၉၉. ၄** | **၂၀. ၀** | **၂၃,၈၅၈,၁၄၀. ၇** | **၂၀. ၀** | **၁၃. ၁** |
| | ၁ | ပို့ဆောင်ရေး | ၁၁,၈၃၈,၈၁၃. ၆ | ၁၁. ၂ | ၁၃,၅၅၅,၄၄၁. ၅ | ၁၁. ၄ | ၁၄. ၅ |
| | ၂ | ဆက်သွယ်ရေး | ၂,၀၇၇,၀၂၅. ၉ | ၂. ၀ | ၂,၂၃၄,၉၃၅. ၇ | ၁. ၉ | ၇. ၆ |
| | ၃ | ငွေရေးကြေးရေး | ၃၆၇,၆၀၅. ၂ | ၀. ၄ | ၄၀၉,၀၂၇. ၆ | ၀. ၃ | ၁၁. ၃ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၄၂၇,၃၈၄. ၉ | ၃. ၂ | ၃,၅၈၀,၃၂၉. ၃ | ၃. ၀ | ၄. ၅ |
| | ၅ | အခြားဝန်ဆောင်မှု | ၃,၃၈၄,၅၆၉. ၈ | ၃. ၂ | ၄,၀၇၈,၄၀၆. ၆ | ၃. ၄ | ၂၀. ၅ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၂၁,၆၄၀,၂၄၈. ၂** | **၂၀. ၅** | **၂၄,၉၂၉,၅၆၅. ၃** | **၂၁. ၀** | **၁၅. ၂** |
| **၄** | | **စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၁၀၅,၄၈၂,၃၂၅. ၄** | **၁၀၀. ၀** | **၁၁၉,၀၂၃,၄၀၅. ၃** | **၁၀၀. ၀** | **၁၂. ၈** |

**ပူးတွဲ-၆**

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏
## စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | ၁,၉၃၆,၃၂၄. ၄ | ၁. ၈ | ၂,၁၇၁,၉၁၇. ၈ | ၁. ၈ | ၁၂. ၂ |
| ၂ | ကယားပြည်နယ် | ၃၅၈,၈၆၀. ၉ | ၀. ၃ | ၃၉၁,၄၀၂. ၈ | ၀. ၃ | ၉. ၁ |
| ၃ | ကရင်ပြည်နယ် | ၁,၈၈၂,၁၄၇. ၁ | ၁. ၈ | ၂,၁၀၉,၁၇၃. ၂ | ၁. ၈ | ၁၂. ၁ |
| ၄ | ချင်းပြည်နယ် | ၄၃၂,၈၂၇. ၂ | ၀. ၄ | ၄၉၁,၀၆၄. ၂ | ၀. ၄ | ၁၃. ၅ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၂,၄၃၁,၀၂၀. ၆ | ၁၁. ၈ | ၁၄,၁၈၄,၈၇၂. ၆ | ၁၁. ၉ | ၁၄. ၁ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၄,၃၃၂,၁၆၆. ၉ | ၄. ၁ | ၄,၅၉၄,၂၂၄. ၃ | ၃. ၉ | ၆. ၀ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈,၄၆၀,၁၁၅. ၃ | ၈. ၀ | ၉,၄၇၅,၂၀၁. ၅ | ၈. ၀ | ၁၂. ၀ |
| ၈ | မကွေးတိုင်းဒေသကြီး | ၈,၁၉၂,၇၉၉. ၁ | ၇. ၈ | ၉,၃၇၅,၄၅၀. ၄ | ၇. ၉ | ၁၄. ၄ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁,၃၈၅,၉၃၇. ၃ | ၁၀. ၈ | ၁၂,၉၂၄,၈၆၄. ၉ | ၁၀. ၈ | ၁၃. ၅ |
| ၁၀ | မွန်ပြည်နယ် | ၄,၂၈၇,၅၄၀. ၈ | ၄. ၁ | ၄,၇၉၀,၅၈၆. ၉ | ၄. ၀ | ၁၁. ၇ |
| ၁၁ | ရခိုင်ပြည်နယ် | ၄,၆၆၄,၀၈၁. ၂ | ၄. ၄ | ၅,၀၁၀,၂၈၂. ၁ | ၄. ၂ | ၇. ၄ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၆,၇၄၀,၈၇၈. ၉ | ၂၅. ၄ | ၃၁,၀၄၂,၃၆၁. ၀ | ၂၆. ၁ | ၁၆. ၁ |
| ၁၃ | ရှမ်းပြည်နယ် | ၆,၀၆၆,၀၉၆. ၇ | ၅. ၇ | ၆,၇၂၀,၂၈၉. ၅ | ၅. ၆ | ၁၀. ၈ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၂,၂၅၁,၆၆၉. ၂ | ၁၁. ၆ | ၁၃,၄၀၅,၉၃၉. ၆ | ၁၁. ၃ | ၉. ၄ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၂,၀၅၉,၈၅၉. ၈ | ၂. ၀ | ၂,၃၃၅,၇၇၄. ၅ | ၂. ၀ | ၁၃. ၄ |

**ပူးတွဲ-၇**

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
## ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှုလျာထားချက်

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင် | ၈,၈၀၅,၈၅၆. ၄ | ၂၆. ၅၀ | ၁၀,၁၅၄,၈၆၀. ၃ | ၂၇. ၀၉ |
| ၂ | သမဝါယမပိုင် | ၄,၂၇၀. ၁ | ၀. ၀၁ | ၄,၃၁၇. ၁ | ၀. ၀၁ |
| ၃ | ပုဂ္ဂလိကပိုင် | ၂၄,၄၁၆,၈၀၆. ၀ | ၇၃. ၄၉ | ၂၇,၃၃၃,၁၉၅. ၂ | ၇၂. ၉၀ |
| | **စုစုပေါင်း** | **၃၃,၂၂၆,၉၃၂. ၅** | **၁၀၀. ၀၀** | **၃၇,၄၉၂,၃၇၂. ၆** | **၁၀၀. ၀၀** |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၁၀၂/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)

## လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့

**ဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၂၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၈ တို့အရ **လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာဒေါ်သန်းငွေ | တောင်ကြီးမဲဆန္ဒနယ် | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဒေါ်အေးအေးမူ | ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>အာဆီယံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးတင်အောင်ချို | လက်ထောက်ဌာနေ<br>ကိုယ်စားလှယ် (ငြိမ်း)<br>ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) | အဖွဲ့ဝင် |

**အဖွဲ့၏သက်တမ်း**

၂။ အဖွဲ့၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် အဖွဲ့၏လုပ်ငန်းတာဝန်ဆောင်ရွက်မှု အခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။

၃။ လွှတ်တော်ဥက္ကဋ္ဌသည် အဖွဲ့၏ သက်တမ်းကာလအတွင်း လိုအပ်ပါက အဖွဲ့ဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး ဖြည့်စွက်တာဝန်ပေးအပ်နိုင်သည်။

**အဖွဲ့၏တာဝန်များ**

၄။ အဖွဲ့၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာလွှတ်တော် မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂) အား အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့အား အထောက်အကူပြုရန်၊

( ခ ) လွှတ်တော်၏ လုပ်ငန်းစွမ်းဆောင်ရည်အမြင့်မားဆုံးတင်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများအား လွှတ်တော်ဆိုင်ရာဘာသာရပ်များ ကျွမ်းကျင်မှုရှိစေရန်၊ ဘာသာစကား စွမ်းရည်မြင့်မားစေရန်နှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်၊

( ဂ ) လွှတ်တော်အားကောင်းခိုင်မာစေရန်အတွက် အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရာတွင် ဘာသာရပ်ဆိုင်ရာ အထောက်အကူပြုရန်၊

(ဃ) နိုင်ငံတကာပါလီမန်များ၊ ဒေသတွင်းပါလီမန်များအဖွဲ့တို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို လေ့လာ၍ အကြံပြုတင်ပြရန်၊

( င ) နိုင်ငံတကာမှ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီပေးအဖွဲ့များနှင့် လုပ်ငန်းစီမံချက်များ ဆက်စပ်ရေးဆွဲရန်၊

( စ ) လွှတ်တော်ဥက္ကဋ္ဌက လုပ်ငန်းလိုအပ်ချက်အရ အကြံဉာဏ်တောင်းခံသည့်အခါ အကြံဉာဏ်ပေးရန်၊

(ဆ) လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရန်။

**အဖွဲ့၏လုပ်ပိုင်ခွင့်များ**

၅။ အဖွဲ့၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အဖွဲ့သည် မိမိတာဝန်များကို ထမ်းဆောင်ရာတွင် သက်ဆိုင်ရာအုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍရှိ ပုဂ္ဂိုလ်များထံမှလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ ပညာရှင်များထံမှလည်းကောင်း အကြံဉာဏ်နှင့် အကူအညီများကို ရယူဆောင်ရွက်နိုင်သည်။

( ခ ) အဖွဲ့သည် လိုအပ်သည့်အခါ အစည်းအဝေးများကို လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ခေါ်ယူကျင်းပနိုင်သည်။

( ဂ ) အဖွဲ့ဝင်များသည် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်အပေါ် မူတည်၍ လုံခြုံမှုအဆင့်အတန်းကို သတ်မှတ်ဆောင်ရွက်နိုင်သည်။

**အဖွဲ့၏ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၆။ အဖွဲ့ဝင်များသည် လစဉ်ချီးမြှင့်ငွေ ကျပ် ၆၀၀၀၀၀၊ တာဝန်အရ ခရီးသွားလာခြင်းအတွက် အခမဲ့တည်းခိုနေထိုင်ရန် စီစဉ်ပေးနိုင်ခြင်းမရှိပါက တစ်ရက်လျှင် တည်းခိုနေထိုင်စရိတ် ကျပ် ၅၀၀၀ နှင့် အခြားအသုံးစရိတ် ကျပ် ၅၀၀၀၊ တာဝန်အရခရီးသွားလာရခြင်းအတွက် စားသောက်စရိတ်ကို တစ်ရက်လျှင် ကျပ် ၁၀၀၀၀ ခံစားခွင့်ရှိသည်။ ထို့အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၇။ အဖွဲ့ဝင်များသည် လုပ်ငန်းဆိုင်ရာအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

တီခွန်မြတ်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁၁၇/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ကချင်ပြည်နယ်၊ နောင်မွန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၂) နေရာ၌ ဦးထီဆန်ဝမ်ဆင် (ခ) ဂျိုးဇက် **အစား** ဦးဆန်နိုင်ဒီးရှင်း ကို စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁၁၈/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

**ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Chin National League For Democracy Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၄၅) ရပ်ကွက်၊ ပြည်ထောင်စုလမ်းမ၊ အမှတ် (၁၀၉၇) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Chin National League For Democracy Party)** ကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Chin National League For Democracy Party)** ၏ မှတ်ပုံတင်အမှတ်သည် (၁၁၆) ဖြစ်ပါသည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁၁၉/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (Chin National Democratic Party)** ကို မှတ်ပုံတင်အမှတ် (၂၁)၊ ၂၀၁၀ ပြည့်နှစ်၊ မေလ ၂၇ ရက်စွဲပါ ကြေညာချက်အမှတ် (၆၀/၂၀၁၀) ဖြင့်လည်းကောင်း၊ **ချင်းတိုးတက်ရေးပါတီ (Chin Progressive Party)** ကို မှတ်ပုံတင်

အမှတ် (၂၆)၊ ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်စွဲပါ ကြေညာချက်အမှတ် (၆၆/၂၀၁၀) ဖြင့်လည်းကောင်း၊ **ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ** ကို မှတ်ပုံတင်အမှတ် (၇၅)၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်စွဲပါ ကြေညာချက်အမှတ် (၂၅/၂၀၁၄) ဖြင့်လည်းကောင်း နိုင်ငံရေးပါတီများအဖြစ် မှတ်ပုံတင်ခွင့် ပြုခဲ့ပါသည်။

၂။ **ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (Chin National Democratic Party)**၊ **ချင်းတိုးတက်ရေးပါတီ (Chin Progressive Party)** နှင့် **ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ** တို့ ပူးပေါင်း၍ ပါတီတစ်ခုတည်းအဖြစ် ဖွဲ့စည်းပြီး ပါတီလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် **ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Chin National League For Democracy Party)** အဖြစ် မှတ်ပုံတင်ခွင့်ပြုပါရန် လျှောက်ထားခဲ့ရာ ကော်မရှင်က လိုအပ်သလို စိစစ်ပြီး **ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Chin National League For Democracy Party)** ကို မှတ်ပုံတင်အမှတ် (၁၁၆)၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်စွဲပါ ကြေညာချက်အမှတ် (၁၁၈/၂၀၁၉) ဖြင့် မှတ်ပုံတင်ခွင့်ပြုပါသည်။ ထိုသို့ မှတ်ပုံတင်ခွင့်ပြုခဲ့သည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၂၅ အရ **ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (Chin National Democratic Party)**၊ **ချင်းတိုးတက်ရေးပါတီ (Chin Progressive Party)** နှင့် **ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ** တို့ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီများကို ဖျက်သိမ်းရမည်ဖြစ်ပါသည်။ ထိုသို့ ဖျက်သိမ်းလိုက်သောပါတီများ၏ ပါတီတစ်ခုချင်းစီပိုင် ပါတီပိုင်ပစ္စည်းများအားလုံးကို **ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Chin National League For Democracy Party)** ပိုင်ပစ္စည်းများအဖြစ် စာရင်းပြောင်းလက်ခံရယူဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (Chin National Democratic Party)**၊ **ချင်းတိုးတက်ရေးပါတီ (Chin Progressive Party)** နှင့် **ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ** တို့ကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းအား ပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းကြောင်း ကြေညာလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၂၀/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

### မွန်ညီညွတ်ရေးပါတီ (Mon Unity Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ (၂၂) လမ်း၊ အမှတ် (၃၂၄) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မွန်ညီညွတ်ရေးပါတီ (Mon Unity Party)** ကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မွန်ညီညွတ်ရေးပါတီ (Mon Unity Party)** ၏ မှတ်ပုံတင်အမှတ်သည် (၁၁၇) ဖြစ်ပါသည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၂၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

| (၄၉) | ဒေါက်တာထက်ဝေဖြိုး | ဒုတိယဦးစီးမှူး<br>ပလက်ဝမြို့နယ် | ဦးစီးအရာရှိ/မြို့နယ်ဦးစီးမှူး<br>ပေါက်တောမြို့နယ် |
| (၅၀) | ဒေါက်တာလှိုင်ဝင်း | ဒုတိယဦးစီးမှူး<br>ငါန်းဇွန်မြို့နယ် | ဦးစီးအရာရှိ<br>တိရစ္ဆာန်ရောဂါစူးစမ်းလေ့လာရေးနှင့်<br>ထိန်းချုပ်ရေးဌာနစိတ် |
| (၅၁) | ဒေါက်တာစိုင်းနေလင်းစိုး | ဒုတိယဦးစီးမှူး<br>သီပေါမြို့နယ် | ဦးစီးအရာရှိ<br>လားရှိုးမြို့နယ် |
| (၅၂) | ဒေါက်တာဟန်ဝင်းသန့် | ဒုတိယဦးစီးမှူး<br>ရွှေဘိုမြို့နယ် | ဦးစီးအရာရှိ<br>စာရင်းအင်းဌာနစိတ် |
| (၅၃) | ဒေါက်တာရဲဝင့်နိုင် | ဒုတိယဦးစီးမှူး<br>တိရစ္ဆာန်မွေးမြူမှုဖွံ့ဖြိုးရေး<br>ဌာနစိတ် | ဦးစီးအရာရှိ<br>တိရစ္ဆာန်မွေးမြူမှုဖွံ့ဖြိုးရေး<br>ဌာနစိတ် |
| (၅၄) | ဒေါက်တာကျော်စိုးလင်း | ဒုတိယဦးစီးမှူး<br>ရေနံချောင်းမြို့နယ် | ဦးစီးအရာရှိ<br>ပုသိမ်မြို့နယ် |
| (၅၅) | ဒေါက်တာဟိန်းရာဇာ | ဒုတိယဦးစီးမှူး<br>နမ့်စန် (တောင်) မြို့နယ် | ဦးစီးအရာရှိ<br>ချောင်းဦးမြို့နယ် |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၃/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၁၄ အရ အပ်နှင်းထားသော

လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော အောက်ပါရောဂါကို ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ **(က) စာရင်းဝင် ကူးစက်ရောဂါ** အဖြစ် ဖြည့်စွက်သတ်မှတ်ကြေညာလိုက်သည် -

**(က) စာရင်းဝင်ကူးစက်ရောဂါ**

| **စဉ်** | **ရောဂါအမည်** | **ဖြစ်ပွားတတ်သောတိရစ္ဆာန်** |
|---|---|---|
| (၁) | အာဖရိကဝက်အပြင်းဖျားရောဂါ (African Swine Fever) | ဝက် |

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၁၉

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ အောက်ပါဦးစီးမှူး/ စာရင်းကိုင်-၁ (၇) ဦးအား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့မှစတင်၍ ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည် -

(က) ဒေါ်နွယ်နွယ်ယဉ် ၁၂/သကတ (နိုင်) ၀၃၅၅၇၈
(ခ) ဒေါ်ချိုချိုမော် ၁၂/ရကန (နိုင်) ၀၀၂၁၄၄
(ဂ) ဦးထွန်းထွန်း ၁၂/ရကန (နိုင်) ၀၀၅၁၆၅
(ဃ) ဒေါ်မြတ်ချိုအေး ၁၂/သဃက (နိုင်) ၀၀၁၇၄၀
(င) ဒေါ်တင်ထိုက်အေး-၁ ၁၂/သလန (နိုင်) ၀၅၈၅၀၃
(စ) ဒေါ်ခင်လုံးဖြူ ၁၂/မဘန (နိုင်) ၀၁၄၇၈၅
(ဆ) ဒေါ်မေသူ ၁၂/ရကန (နိုင်) ၀၄၅၁၀၁

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၁၉

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၆/၂၀၁၉ အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင် အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင် အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ကာလ (၄) လဖြစ်သည့် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့မှ ဒီဇင်ဘာလ ၁ ရက်နေ့အထိကာလကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအခန်း (၈)၊ နည်းဥပဒေ (၈၁) အရ အများပြည်သူအကျိုးငှာ ငြိမ်းပယ်လိုက်သည်။

ဒေါက်တာသန်းမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက်)

အမှတ် ၃၇ ။ ။ ၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင်ကျင်းပသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၅/၂၀၁၉) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အမည်နှင့်ယှဉ်တွဲပါ ပါမောက္ခ (ခွဲစိတ်)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) သို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|---|
| ၁။ | ၁၄၄၇၉ | ဒေါက်တာကျော်စွာ<br>M.Med.Sc (Surg;)<br>MRCS<br>Dr.Med.Sc (Surg;)<br>တွဲဖက်ပါမောက္ခ<br>ခွဲစိတ်ကုပညာဌာန<br>ဆေးတက္ကသိုလ် (၂)၊ ရန်ကုန် | ပါမောက္ခ (ခွဲစိတ်)<br>နေပြည်တော်ပြည်သူ့ဆေးရုံကြီး<br>(ခုတင်-၁၀၀၀) |

မှတ်ချက် ။ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည့် ပါမောက္ခ (ခွဲစိတ်) သည် အမိန့်ကြော်ငြာစာထွက်ပြီး (၂၁) ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

အမှတ် ၃၈ ။ ။ ၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင်ကျင်းပသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၅/၂၀၁၉) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူးများအား အမည်နှင့်ယှဉ်တွဲပါ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|---|
| ၁။ | ၁၂၅၇၃ | ဒေါက်တာဝင်းနိုင်<br>Dip.Med.Sc (TB &Chest), MPH<br>ညွှန်ကြားရေးမှူး<br>အစားအသောက်နှင့် ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန၊ နေပြည်တော်<br>(ခရိုင်ကုသရေးဦးစီးဌာနမှူး<br>ရမည်းသင်းခရိုင်ကုသရေးဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ရာထူးအင်အားဖြင့်) | ညွှန်ကြားရေးမှူး<br>(အထွေထွေဈေးကွက်ထောက်လှမ်းရေး)<br>အစားအသောက်နှင့် ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန၊ နေပြည်တော်<br>(ခရိုင်ကုသရေးဦးစီးဌာနမှူး<br>ရမည်းသင်းခရိုင်ကုသရေးဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးရာထူးအင်အားဖြင့်) |
| ၂။ | ၁၅၇၂၃ | ဒေါက်တာဇော်လင်း<br>M.Med.Sc (PH)<br>ညွှန်ကြားရေးမှူး<br>အစားအသောက်နှင့် ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန၊ နေပြည်တော်<br>(ခရိုင်ကုသရေးဦးစီးဌာနမှူး<br>တောင်ငူခရိုင်ကုသရေးဦးစီးဌာန<br>ပဲခူးတိုင်းဒေသကြီးရာထူးအင်အားဖြင့်) | ညွှန်ကြားရေးမှူး<br>(စီမံကိန်း/စစ်ဆေးရေး)<br>အစားအသောက်နှင့် ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန၊ နေပြည်တော်<br>(ခရိုင်ကုသရေးဦးစီးဌာနမှူး<br>တောင်ငူခရိုင်ကုသရေးဦးစီးဌာန<br>ပဲခူးတိုင်းဒေသကြီးရာထူးအင်အားဖြင့်) |

မှတ်ချက် ။ ရာထူးခန့်ထားခြင်းခံရသည့် ညွှန်ကြားရေးမှူးများသည် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၄ ရက်)

အမှတ် ၃၉ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉) နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၉) တို့၏ သဘောတူဆုံးဖြတ်ချက်အရ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၂၂) ဦးအား အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) များအဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၁။ | ဒေါ်နှင်းလဲ့ယဉ်<br>ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနခွဲ (မန္တလေး) | ဦးစီးအရာရှိ (ဆေးဝါး)<br>တမူးနယ်စပ်အစားအသောက်နှင့် ဆေးဝါး စစ်ဆေးရေးဌာန<br>[အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနခွဲ (မန္တလေး) တွဲဖက်] |
| ၂။ | ဒေါ်ခိုင်မေဦး<br>ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)<br>ဧရာဝတီတိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ဦးစီးအရာရှိ (ဆေးဝါး)<br>ဧရာဝတီတိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန |
| ၃။ | ဒေါ်ခင်သူဇာလွင်<br>ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)<br>တောင်ငူခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ဦးစီးအရာရှိ (ဆေးဝါး)<br>တောင်ငူခရိုင်အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး |
| ၄။ | ဒေါ်နီလာဝင်း<br>ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)<br>စစ်ကိုင်းတိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ဦးစီးအရာရှိ (ဆေးဝါး)<br>ရှမ်းပြည်နယ်အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန |
| ၅။ | ဒေါ်စိုးမိမိ<br>ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)<br>ကချင်ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ဦးစီးအရာရှိ (ဆေးဝါး)<br>တနင်္သာရီတိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန |
| ၆။ | ဒေါ်အေးသက်နှင်း<br>ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနခွဲ (မန္တလေး) | ဦးစီးအရာရှိ (ဆေးဝါး)<br>ညောင်ဦးခရိုင်အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး |
| ၇။ | ဒေါ်စမ်းမြတ်မွန်<br>ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)<br>နယ်စပ်အစားအသောက်နှင့် ဆေးဝါး စစ်ဆေးရေးဌာန (မူဆယ်) | ဦးစီးအရာရှိ (ဆေးဝါး)<br>မူဆယ်နယ်စပ်အစားအသောက်နှင့် ဆေးဝါး စစ်ဆေးရေးဌာန<br>(မူဆယ်ခရိုင်အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနအင်အား) |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၈။ | ဒေါ်ယဉ်ယဉ်မွန်<br>ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)<br>စစ်ကိုင်းတိုင်းဒေသကြီးအစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ဦးစီးအရာရှိ (ဆေးဝါး)<br>ကယားပြည်နယ်အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန |
| ၉။ | ဒေါ်သိမ့်အိအိစိုး<br>ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ (မန္တလေး)<br>(မြင်းခြံခရိုင်အစားအသောက်နှင့် ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာနအင်အား) | ဦးစီးအရာရှိ (အလှကုန်)<br>ဆေးပစ္စည်း၊ အလှကုန်/လူသုံးကုန်ဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် |
| ၁၀။ | ဒေါ်ပိုးအိဖြူ<br>ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ (မန္တလေး) | ဦးစီးအရာရှိ (ဆေးဝါး၊ ဆေးပစ္စည်း)<br>ဒက္ခိဏခရိုင်အစားအသောက်နှင့် ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန၊ နေပြည်တော် |
| ၁၁။ | ဒေါ်အိအိသူ<br>ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ (မန္တလေး) | ဦးစီးအရာရှိ (ဆေးဝါး)<br>ဆေးဝါးဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် |
| ၁၂။ | ဒေါ်ခင်သီတာစိုး<br>ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)<br>ဆေးဝါးဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ (ဆေးဝါး)<br>ရှမ်းပြည်နယ်အစားအသောက်နှင့် ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန |
| ၁၃။ | ဒေါ်နှင်းမွန်အောင်<br>ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)<br>ဆေးဝါးဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ (ဆေးဝါး၊ ဆေးပစ္စည်း)<br>ဥတ္တရခရိုင်အစားအသောက်နှင့် ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန၊ နေပြည်တော် |
| ၁၄။ | ဒေါ်လဲ့ဝါခင်<br>ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)<br>ဆေးဝါးဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ (ဆေးဝါး)<br>ဆေးဝါးဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် |
| ၁၅။ | ဒေါ်နန်းနှင်းအိလှိုင်<br>ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)<br>ကချင်ပြည်နယ်အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ဦးစီးအရာရှိ (ဓာတ်ခွဲ)<br>ကချင်ပြည်နယ်အစားအသောက်နှင့် ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန |
| ၁၆။ | ဒေါ်ထက်ထက်ပြည့်ဖြိုး<br>ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ (ရန်ကုန်) | ဦးစီးအရာရှိ (ဆေးဝါးဓာတ်ခွဲ)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ (ရန်ကုန်) |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၁၇။ | ဒေါ်မီမီထွေး<br>ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)<br>ကချင်ပြည်နယ်အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ဦးစီးအရာရှိ (ဆေးဝါး/ဆေးပစ္စည်း)<br>ကချင်ပြည်နယ်အစားအသောက်နှင့် ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန |
| ၁၈။ | ဒေါ်မေထွန်း<br>ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ (မန္တလေး) | ဦးစီးအရာရှိ (ဓာတ်ခွဲ)<br>ရှမ်းပြည်နယ်အစားအသောက်နှင့် ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန |
| ၁၉။ | ဒေါ်ခိုင်ဆုဟန်<br>ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)<br>ဓာတ်ခွဲဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ (ဆေးဝါးဓာတ်ခွဲ)<br>ဓာတ်ခွဲဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် |
| ၂၀။ | ဒေါ်ဖြူစင်ကို<br>ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ (မန္တလေး) | ဦးစီးအရာရှိ (ဓာတ်ခွဲ)<br>မွန်ပြည်နယ်အစားအသောက်နှင့် ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန |
| ၂၁။ | ဒေါ်ရွှေစင်ငြိမ်း<br>ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ (မန္တလေး) | ဦးစီးအရာရှိ (ဆေးဝါးဓာတ်ခွဲ)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ (မန္တလေး) |
| ၂၂။ | ဒေါ်ခက်ခက်မင်းဇော်<br>ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး)<br>ဓာတ်ခွဲဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ (ဆေးဝါးဓာတ်ခွဲ)<br>ဓာတ်ခွဲဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် |

မှတ်ချက် ။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ဦးစီးအရာရှိများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်တာဝန်ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး တိုးမြှင့် ထမ်းဆောင်ရန်ဖြစ်သည်။

အမှတ် ၄၀ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉) နှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၉) တို့၏ သဘောတူဆုံးဖြတ်ချက်အရ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဆေးဘက်ကျွမ်းကျင်-၂ (ဓာတ်ခွဲ)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၂) ဦးအား အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၁။ | ဒေါ်အိဖြူဖြူဝင်း<br>ဆေးဘက်ကျွမ်းကျင်-၂ (ဓာတ်ခွဲ)<br>ဓာတ်ခွဲဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ (ဓာတ်ခွဲ)<br>ဓာတ်ခွဲဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၂။ | ဒေါ်စိုးစိုးနိုင်<br>ဆေးဘက်ကျွမ်းကျင်-၂ (ခေတ်ခွဲ)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ၊ (မန္တလေး) | ဦးစီးအရာရှိ (ခေတ်ခွဲ)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ (မန္တလေး) |

မှတ်ချက် ။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ဦးစီးအရာရှိများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်တာဝန်ချ ထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များလွှဲပြောင်း လက်ခံပြီး တိုးမြှင့်ထမ်းဆောင်ရန်ဖြစ်သည်။

အမှတ် ၄၁ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉) နှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၉) တို့၏ သဘောတူဆုံးဖြတ်ချက်အရ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဌာနခွဲစာရေး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၇) ဦးအား အလုပ်တာဝန် ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၁။ | ဒေါ်မိုးပပ<br>ဌာနခွဲစာရေး<br>စီမံကိန်း/စစ်ဆေးရေးဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ (စီမံကိန်း)<br>စီမံကိန်း/စစ်ဆေးရေးဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် |
| ၂။ | ဒေါ်အေးအေးဆွေ<br>ဌာနခွဲစာရေး<br>အစားအသောက်ဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ (စီမံရေး)<br>စီမံရေးဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် |
| ၃။ | ဒေါ်ခင်သူဇာကြိုင်<br>ဌာနခွဲစာရေး<br>ဆေးပစ္စည်း၊ အလှကုန်/လူသုံးကုန်ဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ (ဘတ်ဂျက်)<br>စီမံရေးဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် |
| ၄။ | ဒေါ်သီသီလွင်<br>ဌာနခွဲစာရေး<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ (ရန်ကုန်) | ဦးစီးအရာရှိ (စစ်ဆေးရေး)<br>စီမံကိန်း/စစ်ဆေးရေးဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် |
| ၅။ | ဒေါ်လချမီး<br>ဌာနခွဲစာရေး<br>မွန်ပြည်နယ်အစားအသောက်နှင့် ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန | ဦးစီးအရာရှိ (စီမံရေး)<br>မွန်ပြည်နယ်အစားအသောက်နှင့် ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၆။ | ဒေါ်နီလာသက်<br>ဌာနခွဲစာရေး<br>ဆေးပစ္စည်း၊ အလှကုန်/လူသုံးကုန်ဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ (စီမံရေး)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ (ရန်ကုန်) |
| ၇။ | ဒေါ်စန်းစန်းထွေး<br>ဌာနခွဲစာရေး<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ (ရန်ကုန်) | ဦးစီးအရာရှိ (စီမံရေး)<br>ပဲခူးတိုင်းဒေသကြီးအစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန |

မှတ်ချက် ။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ဦးစီးအရာရှိများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်တာဝန်ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များလွှဲပြောင်းလက်ခံပြီး တိုးမြှင့်ထမ်းဆောင်ရန်ဖြစ်သည်။

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

အမှတ် ၄၂ ။ ။ ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာန၊ သူနာပြုတက္ကသိုလ် (မန္တလေး) မှ ဒုတိယပါမောက္ခချုပ် (သင်ကြား) ပါမောက္ခဒေါ်ခင်ဝင်း၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်များကုန်ဆုံးသည့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

အမှတ် ၄၃ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၉ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၁၉/၉၉၀၇ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၁) ရန်ကုန် ဓာတ်မှန်ပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာခင်လေးစု (ဆမ-၁၀၃၁၄) ၏ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူ အကျိုးငှာ ငြင်းပယ်လိုက်သည်။

ထိုသို့ ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ မေလ ၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၂/ ၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်)

၁။　ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် အသုံးပြုမည့် ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများအား ပြည်တွင်းကုမ္ပဏီများထံမှ စိစစ်ရွေးချယ်ဝယ်ယူနိုင်ရေးအတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သော တင်ဒါကော်မတီများအား ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) **တင်ဒါကော်မတီ**

(၁) ဦးအောင်နိုင်ဦး　ဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၂) ဒေါ်အေးစန္ဒာလွင်　အဖွဲ့ဝင်
လက်ထောက်အတွင်းဝန်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၃) ဦးစိုင်းတင်အောင်သိန်း　အဖွဲ့ဝင်
လက်ထောက်အတွင်းဝန်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၄) ဒေါ်သီတာအုန်း　အဖွဲ့ဝင်
လက်ထောက်အတွင်းဝန်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၅) ဦးဇော်လွင်ဦး　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(၆) ဒေါ်သူဇာခင်　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

(၇) ဦးအောင်သက်နိုင်　အတွင်းရေးမှူး
လက်ထောက်အတွင်းဝန်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ခ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

(၁) ဒေါ်အေးစန္ဒာလွင်　ဥက္ကဋ္ဌ
လက်ထောက်အတွင်းဝန်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၂) ဦးစိုင်းတင်အောင်သိန်း　အဖွဲ့ဝင်
လက်ထောက်အတွင်းဝန်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၃) ဒေါက်တာခင်ဆွေဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပြည်ထောင်စုဝန်ကြီးရုံး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၄) ဒေါ်စုဇေယျာလွင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပြည်ထောင်စုဝန်ကြီးရုံး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၅) ဦးအောင်ဆွေဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(၆) ဒေါ်ရီရီခင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

(၇) ဦးမင်းလွင်ဆွေ — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
ပြည်ထောင်စုဝန်ကြီးရုံး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

**(ဂ) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

(၁) ဒေါ်သီတာအုန်း — ဥက္ကဋ္ဌ
လက်ထောက်အတွင်းဝန်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၂) ဒေါ်ချိုဇာလှိုင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီးရုံး
လက်ထောက်ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၃) ဦးညီဖြိုး — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(၄) ဒေါ်နုကြည် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

(၅) ဦးမင်းဇော်အေး — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
ပြည်ထောင်စုဝန်ကြီးရုံး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

**(ဃ) အရည်အသွေးစစ်ဆေးရေးနှင့် ပစ္စည်းလက်ခံရေးကော်မတီ**

(၁) ဦးအောင်သက်နိုင် — ဥက္ကဋ္ဌ
လက်ထောက်အတွင်းဝန်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၂) ဒေါ်ချိုဇာလှိုင်း အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ပြည်ထောင်စုဝန်ကြီးရုံး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၃) ဦးအောင်ပြည့်ဖြိုး အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ပြည်ထောင်စုဝန်ကြီးရုံး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၄) ဦးစည်သူဟိန်း အဖွဲ့ဝင်
ဦးစီးအရာရှိ
ပြည်ထောင်စုဝန်ကြီးရုံး (တွဲဖက်)
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၅) ဒေါ်ချောစုစုဝင်း အတွင်းရေးမှူး
လက်ထောက်ညွှန်ကြားရေးမှူး
ပြည်ထောင်စုဝန်ကြီးရုံး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

၂။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) ပစ္စည်းဝယ်ယူခြင်းအတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(၂) ပစ္စည်းဝယ်ယူခြင်းအတွက် လိုအပ်သည့်တင်ဒါပုံစံများ၊ စာချုပ်ပုံစံများသတ်မှတ်ခြင်း၊

(၃) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ခြင်း၊

(၄) တင်ဒါတွင်ပါဝင်မည့် ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်တို့ သတ်မှတ်ခြင်း၊

(၅) နည်းပညာအရမြင့်မားပြီး ရှုပ်ထွေးသည့်ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသောနည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

(၆) တင်ဒါတင်သွင်းရမည့် အချိန်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့်အချိန်နှင့် နေရာ၊ တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း၊

(၇) "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ကို တာဝန်ပေးအပ်ခြင်း၊

(၈) တင်ဒါအောင်မြင်သူများကို ကြေညာခြင်း၊

(၉) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် အောင်မြင်သူများထံမှ လုပ်ငန်းအာမခံကြေးတောင်းခံခြင်း၊

(၁၀) နမူနာတောင်းခံရန် လိုအပ်သည့်တင်ဒါပစ္စည်းဖြစ်ပါက နမူနာများ လက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(၁၁) အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း။

(ခ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) တင်ဒါများလက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(၂) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း၊

(၃) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှု အစီရင်ခံစာကို အကြံပြုချက်များနှင့်အတူပြင်ဆင်ခြင်း။

(ဂ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ။** ဝယ်ယူမည့်ပစ္စည်း၏ ကြမ်းခင်းဈေးနှုန်းကို "တင်ဒါကော်မတီ" သို့ တင်ပြခြင်း။

(ဃ) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) အရည်အသွေးစစ်ဆေးခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(၂) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုစာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း၊

(၃) ဝယ်ယူမည့် ဌာန/အဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(၄) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း။

အောင်နိုင်ဦး၊
အမြဲတမ်းအတွင်းဝန်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၁၆၅/၂၀၁၉

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ လမ်းပိုင်းအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းအဖြစ်မှ နုတ်ပယ်လိုက်သည် -

| | | | |
|---|---|---|---|
| (က) | လမ်းပိုင်းအမည် | - | ဂမုန်းတောင်-လွှဲကြီး-ကိုးကွေ့ ခရိုင်ချင်းဆက်လမ်း အမှတ် (၂) |
| (ခ) | လမ်းအရှည် | - | ၄ မိုင် ၇ ဖာလုံ သို့မဟုတ် ၇. ၈၄၅ ကီလိုမီတာ |
| (ဂ) | စတင်သည့်နေရာ | - | ခရိုင်ချင်းဆက်လမ်း အမှတ် (၂) ၅/၂ မိုင် |
| (ဃ) | လမ်းဆုံးရောက်ရှိသည့်နေရာ | - | ခရိုင်ချင်းဆက်လမ်း အမှတ် (၂) ၁၀/၁ မိုင် |
| (င) | လမ်းနယ်နိမိတ်အကျယ် | - | ၂၀ ပေ |

၂။ သို့ဖြစ်ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့နယ်အတွင်းရှိ လမ်းအရှည် စုစုပေါင်းကို ၅ မိုင် ၂ ဖာလုံ သို့မဟုတ် ၈. ၄၄၉ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၇၃/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၁၂) ရွှေညောင်မှ ကိုယ်ပိုင်အမှတ် ဆ/၁၇၉၁ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ကျော်ထွေး အား ၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ်

(၁၉/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တံတားတည်ဆောက်ရေးအဖွဲ့ (ရုံးချုပ်) ရှိ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ လစ်လပ်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်စေလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၇၄/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ -၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄ ဘီ)၊ မြေကွက်အမှတ် (၂ အေ/၂)၊ ဧရိယာ (၁၄၀. ၆၅၃) ဧကရှိ အစိုးရမြေနေရာကို Aung San National Green Park စီမံကိန်းဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ Aung San National Green Park စီမံကိန်းဆောင်ရွက်နိုင်ရန်အတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) မြေကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အသုံးပြုရန်မလိုအပ်သည့်အခါ ထိုမြေကို ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆ သဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ် ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်း ရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်းမြေ ဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်းဒေသကြီး | တာမွေ | ၃၄ ဘီ | ၂အေ/၂ | ၁၄၀ | ၆၅၃ | |
| **စုစုပေါင်း** | | | | **၁၄၀** | **၆၅၃** | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်လားသော် - မြေကွက်အမှတ်-၁ စီ (ကာကွယ်ရေး)၊ မြောက်မြင်းပြိုင်ကွင်းလမ်း

တောင်လားသော် - မြေကွက်အမှတ် (၂၆) မှ (၄၁) လမ်း

အရှေ့လားသော် - အရှေ့မြင်းပြိုင်ကွင်းလမ်း၊ မြေကွက်အမှတ်-၂ ဘီ၊ (အ. ထ. က-၃)

အနောက်လားသော် - မြေကွက်အမှတ်-၂ အေ/၁ (ဦးချစ်မောင် အိမ်ရာ)၊ ဦးချစ်မောင်လမ်း၊ အနောက်မြင်းပြိုင်ကွင်းလမ်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၁၉) အရ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄ ဘီ)၊ မြေကွက်အမှတ် (၂ အေ/၂)၊ ဧရိယာ (၁၄၀. ၆၅၃) ဧကရှိ အစိုးရမြေကို Aung San National Green Park စီမံကိန်းဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

၅။ ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်စွဲပါ စာအမှတ်၊ မခ/မသ/၂၇ အယ်လ် ၂၀၀၂ (၁၅၀၅) ဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့သည့် အမိန့်ကြော်ငြာစာ (ပြန်တမ်း) အား ဤအမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၇၅/၂၀၁၉)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေ ပုဒ်မ-၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို သုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (တပ်ရာကုန်း)၊ မြေကွက်အမှတ် (၁၅၅၃-အေ)၊ ဧရိယာ (၀. ၅၁၆) ဧကရှိ မြေနေရာအား ရန်ကုန်တိုင်းဒေသကြီး၊ မီးသတ်ဦးစီးမှူးရုံး၊ သီလဝါနယ်မြေမီးသတ်စခန်း တည်ဆောက်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်း ပေးလိုက်သည် -

(က) ဖော်ပြပါ မြေကို အများပြည်သူအကျိုးငှာ မီးသတ်ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၊ သီလဝါနယ်မြေ မီးသတ်စခန်းအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) ထိုမြေကို ပြည်ထဲရေးဝန်ကြီးဌာနက အသုံးပြုရန် မလိုအပ်သည့်အခါ ဆောက်လုပ်ရေးဝန်ကြီး ဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကို အသုံးပြုရာတွင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆသဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက်အမှတ် | မြေကွက်အမှတ် | ခန့်မှန်းမြေ ဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်းဒေသကြီး | ကျောက်တန်း | တပ်ရာကုန်း | ၁၅၅၃-အေ | ၀ | ၅၁၆ | |
| **စုစုပေါင်း** | | | | **၀** | **၅၁၆** | |

၃။ နယ်နိမိတ်အလားအလာဖော်ပြချက်

အရှေ့လားသော် - မြေကွက်အမှတ် ၁၅၅၃ ဘီ

အနောက်လားသော် - ဖွံ့ဖြိုးရေးလမ်း

တောင်လားသော် - မြေကွက်အမှတ် ၁၅၅၃ ဘီ

မြောက်လားသော် - လမ်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ကျင်းပ ပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၁၉) အရ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (တပ်ရာကုန်း)၊ မြေကွက်အမှတ် (၁၅၅၃-အေ)၊ ဧရိယာ (၀. ၅၁၆) ဧကရှိ အစိုးရမြေကို မီးသတ်ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၊ သီလဝါနယ်မြေ မီးသတ်စခန်း အတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် ၁၇၆/၂၀၁၉

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ် အတွင်းရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် အောက်ဖော်ပြပါ လမ်းပိုင်းအား လမ်းဦးစီးဌာနသို့ လွှဲပြောင်း ပေးအပ်ပြီးဖြစ်ပါသဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းအဖြစ်မှ နုတ်ပယ်လိုက်သည် -

(က) လမ်းပိုင်းအမည် - ခရိုင်ချင်းဆက်လမ်း အမှတ် (၂)
(နေပြည်တော် ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်လမ်းပိုင်း)

(ခ) လမ်းအရှည် - ၁၆ မိုင် ၃ ဖာလုံ သို့မဟုတ်
၂၆. ၃၅၃ ကီလိုမီတာ

(ဂ) စတင်သည့်နေရာ - ခရိုင်ချင်းဆက်လမ်း အမှတ် (၂) ၁၃၂/၇ မိုင်၊ သာယာအေးကျေးရွာ

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ - ခရိုင်ချင်းဆက်လမ်း အမှတ် (၂) ၁၄၉/၂ မိုင်၊ ကင်းသာကျေးရွာ

(င) လမ်းနယ်နိမိတ်အကျယ် - ၂၀ ပေ

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၈၁/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဖြင့် ညွှန်ကြားရေးမှူး (မြို့ပြ) (တာဝန်) ထမ်းဆောင်လျက်ရှိသော ကိုယ်ပိုင်အမှတ် ဆ/၁၉၆၅၊ ဦးရန်နိုင်ဇော် အား ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာနရှိ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ တိုးမြှင့်တာဝန်ထမ်းဆောင်စေလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၈၂/၂၀၁၉)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တံတားတည်ဆောက်ရေးအဖွဲ့ (ရုံးချုပ်) မှ ကိုယ်ပိုင်အမှတ် ဆ/၁၂၉၂၊ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဖြင့် အင်ဂျင်နီယာချုပ် (မြို့ပြ) (တာဝန်) ထမ်းဆောင်လျက်ရှိသော ဦးစောမြင့်ကြည် သည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် အသက် (၆၀) နှစ်ပြည့်မည်ဖြစ်ပါ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်ပင်စင်ဖြင့် အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၈၃/၂၀၁၉)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံရုံးမှ ကိုယ်ပိုင်အမှတ် ဆ/၀၉၇၆၊ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဖြင့် အင်ဂျင်နီယာချုပ် (မြို့ပြ) (တာဝန်) ထမ်းဆောင်လျက်ရှိသော ဒေါ်မြင့်မြင့်စိန် သည် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် အသက် (၆၀) နှစ်ပြည့်မည်ဖြစ်ပါ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်ပင်စင်ဖြင့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၈၅/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ရှမ်းပြည်နယ် (တောင်ပိုင်း) မှ ကိုယ်ပိုင်အမှတ် ဆ/၁၆၅၇၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးအေးထွန်းမော် အား ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ

အစည်းအဝေးအမှတ်စဉ် (၂၂/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ လမ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်စေလိုက်သည်။

**(ဝန်ကြီးရုံး)**

## အမိန့်ကြော်ငြာစာအမှတ် (၁၈၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၇ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ကိုယ်ပိုင်အမှတ် ဆ/၁၂၃၄၊ ညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၅၅၀,၀၀၀/-) ဦးအုန်းလွင် သည် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်မှစတင်၍ သက်ပြည့်အငြိမ်းစား မယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပါရန် လျှောက်ထားခဲ့ခြင်းအား ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၉) ၏ ဆုံးဖြတ်ချက်၊ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင် အား ငြင်းပယ်ထားသည့် သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၈၁ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်မှ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၁ ရက်အထိ ခံစားစေပြီး ခွင့်ရက်ကုန်ဆုံးသည့် နောက်တစ်ရက်ဖြစ်သော ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၂ ရက်မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်ပင်စင်ဖြင့် အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၁၈၉/၂၀၁၉

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ) တို့အရ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်အတွင်းရှိ အောက်ပါလမ်းပိုင်းကို လမ်းဦးစီးဌာနပိုင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော ခရိုင်/မြို့နယ်များဆက်သွယ်သည့် **လမ်းမကြီး** အဖြစ် သတ်မှတ်ကြေညာလိုက်သည် -

| | | |
|---|---|---|
| (က) | လမ်းပိုင်းအမည် | - မြန်အောင် မြို့ပတ်လမ်း |
| (ခ) | လမ်းအရှည် | - ၁ မိုင် ၇ ဖာလုံ ၄၄၉ ပေ သို့မဟုတ်<br>၃. ၁၅၄ ကီလိုမီတာ |
| (ဂ) | စတင်သည့်နေရာ | - ဟင်္သာတ-ဆုံကုန်း-မြန်အောင်လမ်း<br>၆၄/၆ မိုင် မှ ၆၄/၇ မိုင်အတွင်း သို့မဟုတ်<br>၀/၀ မိုင်၊ ရွာသစ်ကုန်းရွာ |
| (ဃ) | လမ်းဆုံးရောက်ရှိသည့်နေရာ | - မြန်အောင်-ကြံခင်းလမ်း ၁/၂ မိုင်နှင့်<br>၁/၃ မိုင် အတွင်း၊ အမှတ် (၁) ရပ်ကွက်၊ မကျည်းစုကွက်သစ် |
| (င) | လမ်းအဆင့်အတန်း | - ခရိုင်/မြို့နယ်များဆက်သွယ်သည့်လမ်း |
| (စ) | လမ်းနယ်နိမိတ်အကျယ် | - ၀/၀ မိုင် မှ ၀/၀ မိုင်+၁၉၆ ပေ အထိ ၁၂၀ ပေ<br>၀/၀ မိုင်+၁၉၆ ပေ မှ ၁/၇ မိုင်+၄၄၉ ပေအထိ ၁၅၀ ပေ |

၂။ သို့ဖြစ်ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်းအရှည် စုစုပေါင်းကို ၁၈၆၈ မိုင် ၇ ဖာလုံ ၄၈၈ ပေ သို့မဟုတ် ၃၀၀၇. ၈၁၀ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၉၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၉ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့ပြအခြေခံအဆောက်အဦစီမံကိန်း ဖွံ့ဖြိုးရေးဌာနခွဲမှ ကိုယ်ပိုင်အမှတ် ဆ/၂၈၅၅၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယ အင်ဂျင်နီယာမှူးကြီး (လျှပ်စစ်) ဦးကျော်နိုင်ဦး အား ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် ပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာနရှိ လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့ (နေပြည်တော်) တွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (လျှပ်စစ်) ရာထူးသို့ ရာထူးတိုးမြှင့် တာဝန် ထမ်းဆောင်စေလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၉၆/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)၊ ဒုတိယဦးစီးမှူး (၁၀) ဦးအား ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၁၉) ၏ သဘောတူညီချက်အရ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (စီမံ) ရာထူးသို့ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်အပ်ပြီး အဆိုပါဦးစီးဌာနတွင်ပင် တာဝန်ထမ်းဆောင်စေလိုက်သည် -

(က) ဦးပြည့်ဖြိုးအောင်
ဆ/၄၉၃၇၃

(ခ) ဒေါ်ဆုမွန်ဝေ
ဆ/၄၉၄၆၅

(ဂ) ဒေါ်ငြိမ်းငြိမ်းဖြူ
ဆ/၄၉၄၁၃

(ဃ) ဦးအောင်သက်ထွန်း
ဆ/၄၆၇၈၂

(င) ဒေါ်အိအိမွန်
ဆ/၄၉၃၇၂

(စ) ဦးစံလူကော
ဆ/၄၉၃၅၆

(ဆ) ဦးကြင်မောင်မောင်စံ
ဆ/၄၉၃၉၃

(ဇ) ဒေါ်ကြူကြူထက်
ဆ/၄၉၄၆၆

(ဈ) ဦးဇော်မင်းဌေး
ဆ/၄၉၄၆၃

(ည) ဦးဝင်းကိုကိုထက်
ဆ/၄၉၄၅၇

## အမိန့်ကြော်ငြာစာအမှတ် ၂၀၁/၂၀၁၉

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၇ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ) တို့အရ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ အောက်ပါလမ်းပိုင်းကို လမ်းဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော ခရိုင်/မြို့နယ်များဆက်သွယ်သည့် **လမ်းမကြီး** အဖြစ် သတ်မှတ်ကြေညာလိုက်သည် -

(က) လမ်းပိုင်းအမည် - ထန်းတပင် မြို့ရှောင်လမ်း

(ခ) လမ်းအရှည် - ၁ မိုင် ၁ ဖာလုံ သို့မဟုတ် ၁. ၈၁၁ ကီလိုမီတာ

(ဂ) စတင်သည့်နေရာ - သီတာအေး - ထန်းတပင်လမ်း ၇/၇ မိုင် သို့မဟုတ် ၀/၀ မိုင်၊ ထန်းတပင်မြို့

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ - ထန်းတပင် - လမုတန်း - ကျူတောလမ်း ၀/၄ မိုင် သို့မဟုတ် ၁ မိုင် ၁ ဖာလုံ၊ ကုက္ကိုလ်ဝတ်တား ထန်းတပင်မြို့

(င) လမ်းအဆင့်အတန်း - ခရိုင်/မြို့နယ်များဆက်သွယ်သည့်လမ်း

(စ) လမ်းနယ်နိမိတ်အကျယ် - ၁၅၀ ပေ

၂။ သို့ဖြစ်ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်းအရှည် စုစုပေါင်းကို ၆၄၆ မိုင် ၇ ဖာလုံ ၃၆ ပေ သို့မဟုတ် ၁၀၄၁. ၀၅၇ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

ဟန်ဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၁၄ ရက်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် နေပြည်တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (ခ) အရ အောက်ပါစည်းကမ်းများကို နေပြည်တော်ကောင်စီ၏ခွင့်ပြုချက်ဖြင့် ထုတ်ပြန် ကြေညာလိုက်သည်-

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၈ ပုဒ်မခွဲ (မ)၊ ပုဒ်မ ၁၀ ပုဒ်မခွဲ (ဂ) နှင့် တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန၏ လုပ်ငန်းတာဝန် အပိုဒ် (၁)၊ အပိုဒ်ခွဲ (န) အရ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အသားပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ တိရစ္ဆာန်များသတ်ဖြတ်ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်အုပ်ချုပ်ခြင်းဆိုင်ရာစည်းကမ်းများ**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤစည်းကမ်းများတွင်ပါရှိသောစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကော်မတီ**ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ ဖွဲ့စည်းထားသော နေပြည်တော်စည်ပင်သာယာရေးကော်မတီကို ဆိုသည်။

(ခ) **နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်**ဆိုသည်မှာ နေပြည်တော်ကောင်စီ၏ အတည်ပြုချက်ဖြင့် ကော်မတီက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ကြေညာထားသည့် နယ်နိမိတ်ကို ဆိုသည်။

(ဂ) **ဌာန**ဆိုသည်မှာ ကော်မတီ၏ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနကို ဆိုသည်။

(ဃ) **ကျန်းမာရေးဌာန**ဆိုသည်မှာ ကော်မတီ၏ ကျန်းမာရေးဌာနကို ဆိုသည်။

(င) **ဌာနမှူး**ဆိုသည်မှာ ဝန်ထမ်းဖွဲ့စည်းပုံအရ ဖွဲ့စည်းထားသည့် ကော်မတီ၏လက်အောက်ရှိ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနအား တာဝန်ယူကြီးကြပ်ရသော ဌာနတာဝန်ခံကို ဆိုသည်။

(စ) **ကျန်းမာရေးဌာန၏စစ်ဆေးချက်လက်မှတ်**ဆိုသည်မှာ အသားပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းစဉ်နှင့် အသားပြုပြင်ထုတ်လုပ်ရာတွင် တာဝန်ပေးအပ်ထားသည့် လုပ်သားများကို ကျန်းမာရေးဌာနမှ စစ်ဆေးပြီး ထုတ်ပေးသော ကျန်းမာရေး ဘေးအန္တရာယ်ကင်းရှင်းကြောင်း စစ်ဆေးချက်လက်မှတ်ကို ဆိုသည်။

(ဆ) **မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး**ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးကို ဆိုသည်။

(ဇ) **မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး**ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးအား တာဝန်ယူကြီးကြပ်ကွပ်ကဲသော အရာရှိကို ဆိုသည်။

(ဈ) **အသား**ဆိုသည်မှာ ကျွဲ၊ နွား၊ နွားနောက်၊ ဝက်၊ သိုး၊ ဆိတ်၊ မြင်းစသည့်တိရစ္ဆာန်တို့၏ အသားကို ဆိုသည်။ (ယင်းစကားရပ်တွင် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝ နယ်မြေများ ထိန်းသိမ်းရေးနည်းဥပဒေများအရ ကာကွယ်ထားခြင်းမရှိသည့် တိရစ္ဆာန်များ၏ အသားလည်းပါဝင်သည်)

(ည) **တိရစ္ဆာန်**ဆိုသည်မှာ ကျွဲ၊ နွား၊ နွားနောက်၊ ဝက်၊ သိုး၊ ဆိတ်၊ မြင်းစသည်တို့၏ အကြီးဖြစ်စေ၊ အငယ်ဖြစ်စေ၊ အထီးဖြစ်စေ၊ အမဖြစ်စေကို ဆိုသည်။

(ဋ) **သားသတ်ရုံ**ဆိုသည်မှာ သားသတ်လုပ်ငန်းလိုင်စင်ရရှိသူများအား ကော်မတီက ကျွဲ၊ နွား၊ ဝက်၊ သိုး၊ ဆိတ် စသည့်တိရစ္ဆာန်များအား သတ်ဖြတ်၍ အသားထုတ်လုပ်ရန် သတ်မှတ်ခွင့်ပြုထားသည့် ကော်မတီပိုင်သားသတ်ရုံနေရာနှင့် ကော်မတီမှ အခါအားလျော်စွာခွင့်ပြုထားသည့် အဝေးရောက် သားသတ်ရုံများကို ဆိုသည်။

(ဌ) **အခွန်**ဆိုသည်မှာ ဤစည်းကမ်းများပါ လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ကော်မတီသို့ ပေးသွင်းရသော သားသတ်ခွင့်လိုင်စင်ကြေး၊ ခေါင်းခွန်ကြေးနှင့် ဒဏ်ကြေးတို့ကို ဆိုသည်။

(ဍ) **အခ**ဆိုသည်မှာ ဤစည်းကမ်းများပါ လုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ကော်မတီသို့ ပေးသွင်း ရသော သားသတ်ရုံအသုံးပြုခ၊ သန့်ရှင်းရေးလုပ်ငန်းနှင့် သားသတ်ခြင်းလုပ်ငန်းတို့အတွက် အသုံးပြုသော ရေဖိုးရေခနှင့် လျှပ်စစ်ဓာတ်အားခတို့ကို ဆိုသည်။

(ဎ) **အသားပြုပြင်ထုတ်လုပ်ရန်အတွက် တိရစ္ဆာန်များသတ်ဖြတ်ခွင့်လိုင်စင်**ဆိုသည်မှာ အများပြည်သူ စားသုံးနိုင်ရန်အလို့ငှာ ဤစည်းကမ်းများနှင့်အညီ အသားပြုပြင်ထုတ်လုပ်ရန်အတွက် တိရစ္ဆာန် များအား သတ်ဖြတ်ခွင့်ကို နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်ဖြင့် အများပြည်သူ စားသုံးနိုင်ရန်အလို့ငှာ ဤစည်းကမ်းများနှင့်အညီ အသားပြုပြင် ထုတ်လုပ်ရန်အတွက် တိရစ္ဆာန်များသတ်ဖြတ်ခွင့်လိုင်စင်ကို ဆိုသည်။

(ဏ) **အသားပြုပြင်ထုတ်လုပ်ခြင်း**ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းနှင့် ပတ်ဝန်းကျင်ဒေသအနှံ့အပြား စားသုံးရန်ရည်ရွယ်ပြီး ထုတ်လုပ်ရောင်းချရန်အတွက် မူလ အသားကို အမျိုးအစား၊ ပုံသဏ္ဌာန်၊ အသွင်အပြင်၊ အရောင်အသွေး၊ အနေအထား၊ အရွယ်အစား ပြောင်းလဲရန် ပြုလုပ်ခြင်းကို ဆိုသည်။ ထိုသို့ပြုလုပ်မှုတွင် အသားခြောက်လုပ်ငန်း၊ အသားကင် လုပ်ငန်း၊ အသားကြော်လုပ်ငန်းများနှင့် စည်သွတ်လုပ်ငန်းများ ပါဝင်သည်။

၂။ နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အသားထုပ်ပိုးသည့်လုပ်ငန်းနှင့် အသားပြုပြင် ထုတ်လုပ်သည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ တိရစ္ဆာန်များသတ်ဖြတ်ခွင့်ရရှိလိုသူသည် အောက်ပါအချက် အလက်များနှင့် အခြားလိုအပ်သော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ သက်ဆိုင်ရာ မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် ဌာနသို့ တင်ပြလျှောက်ထားရမည် -

(က) တိရစ္ဆာန်များသတ်ဖြတ်ခွင့်ရရှိလိုသူ၏လျှောက်လွှာ၊

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(ဂ) အိမ်ထောင်စုဇယားမိတ္တူ၊

(ဃ) နေရပ်လိပ်စာအပြည့်အစုံ၊

(င) လုပ်ငန်းရှင်၏လိုင်စင်ဓာတ်ပုံ (၃) ပုံ၊

(စ) လုပ်ကိုင်သည့် လုပ်ငန်းအမျိုးအစား၊

(ဆ) လုပ်ငန်းတည်နေရာနှင့် အဆောက်အဦအကျယ်အဝန်းနှင့် အကွက်ချပုံစံ၊

(ဇ) ကျန်းမာရေးဌာန၏ ဘေးအန္တရာယ်ကင်းရှင်းကြောင်း စိစစ်ချက်လက်မှတ်၊

(ဈ) သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ထောက်ခံချက်၊

(ည) မြို့နယ်မီးသတ်ဦးစီးဌာန၏ထောက်ခံချက်၊

(ဋ) ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊

(ဌ) အနား (၄) ရပ်တွင်နေထိုင်သူများ၏ထောက်ခံချက်၊

(ဍ) ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်ထောက်ခံချက်၊

(ဎ) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ အစားအသောက်ထုတ်လုပ်ခွင့်ထောက်ခံချက်၊

(ဏ) မြေအသုံးချမှုဆိုင်ရာထောက်ခံချက်၊ မြေဂရန်မိတ္တူ သို့မဟုတ် (၆) လအတွင်းရေးဆွဲထားသော မြေယာပုံစံ ၁၀၅/၁၀၆ မူရင်း၊

(တ) ကုန်အမှတ်တံဆိပ်အထောက်အထား မှတ်ပုံတင်မိတ္တူ။

၃။ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးသည် လျှောက်ထားသူ၏ လျှောက်လွှာများအား ပြည့်စုံမှန်ကန်မှု ရှိ မရှိ စစ်ဆေးပြီး ဌာနသို့ တင်ပြရမည်။ ဌာနမှူးသည် တိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုရန်အတွက် လျှောက်ထားသည်များအား စစ်ဆေးရန်၊ ဌာနရှိဝန်ထမ်းများပါဝင်သော စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။ ယင်းအဖွဲ့သည် သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများနှင့်အတူ လုပ်ငန်းတည်ရှိရာနေရာသို့ သွားရောက်စစ်ဆေး၍ ခွင့်ပြုရန်သင့်လျော်ခြင်း ရှိ မရှိ စစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်များအား ကော်မတီသို့ ပြန်လည်တင်ပြရမည်။ ကော်မတီသည် ထိုသို့စစ်ဆေးပြီး ပြန်လည်တင်ပြလာသော လုပ်ငန်းများကိုစိစစ်ပြီး အသားပြုပြင်ထုတ်လုပ်ရန်အတွက် တိရစ္ဆာန်များ သတ်ဖြတ်ခွင့်ကို အောက်တိုဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ဘဏ္ဍာရေးနှစ် (၁) နှစ်ကာလ အပိုင်းအခြားအတွက် သတ်မှတ်ခွင့်ပြုနိုင်သည်။

၄။ ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လုပ်ငန်းတင်ပြတည်နေရာနှင့် အနီးစပ်ဆုံးဖြစ်သည့် သက်ဆိုင်ရာဈေးခုံနယ်မြေသတ်မှတ်ချက် ဧရိယာအတွင်း သက်ဆိုင်ရာ အသားထုတ်လုပ်ရောင်းချခွင့်ပြုခဲ့သည့် ဈေးခုံလိုင်စင်ကြေးအတိုင်း ဘဏ္ဍာရေးနှစ် (၁) နှစ်အတွင်း အသားထုတ်လုပ်ခွင့်ရရှိသူများ၏ လေလံအောင်မြင်ခဲ့သည့် တစ်ကောင်ပျမ်းမျှဈေးနှုန်းအတိုင်း လေလံကြေးအပေါ်မှ အခွန်၊ အခနှုန်းထားများအတွက် ကျသင့်ငွေ သတ်မှတ်ရမည်။ (ဈေးခုံဈေးနှုန်း မတူညီပါက အများဆုံး ဈေးခုံနှုန်းထားကို စံနှုန်းယူရမည်)

၅။ ကော်မတီသည် အထက်ပါအသားပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများ၏ အခွန်၊ အခနှုန်းထားများကို အခါအားလျော်စွာသင့်လျော်သလို ပြင်ဆင်ဖြည့်စွက်သတ်မှတ်နိုင်သည်။

၆။ ကော်မတီသည် အများပြည်သူစားသုံးရန်အလို့ငှာ ဖြန့်ဖြူးရောင်းချခြင်းအတွက် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အသားပြုပြင်ထုတ်လုပ်ရန်အတွက် တိရစ္ဆာန်များသတ်ဖြတ်ခွင့်ပြုခြင်းအား ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်အုပ်ချုပ်ခြင်းတို့ကို သင့်လျော်သည့်နည်းလမ်းဖြင့် ဆောင်ရွက်နိုင်သည်။

**အသားပြုပြင်ထုတ်လုပ်သည့်လုပ်ငန်းအတွက် အသုံးပြုမည့် တိရစ္ဆာန်များတွင် ရှိရမည့်အင်္ဂါရပ်များ**

၇။ အသားပြုပြင်ထုတ်လုပ်ရန်အတွက် တိရစ္ဆာန်သတ်ဖြတ်ခွင့်လိုင်စင်ရရှိသူများသည် အောက်ပါစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည် -

(က) အသားထုတ်လုပ်မည့် တိရစ္ဆာန်များသည် ကျန်းမာသန်စွမ်း၍ ရောဂါမရှိသော တိရစ္ဆာန်ဖြစ်ရမည်။ ကူးစက်ရောဂါဖြစ်ပွားနေသော တိရစ္ဆာန်များနှင့် အသေကောင်များမဖြစ်စေရ၊ ဗိုက်ရှိသော အမများ မဖြစ်စေရ။

(ခ) ကာကွယ်ဆေးနှင့် အခြားဆေးများထိုးနှံပြီး ရက်သတ္တပတ် (၂) ပတ်ကျော်သော တိရစ္ဆာန်များဖြစ်ရမည်။

(ဂ) အသားထုတ်လုပ်မည့် ကျွဲ၊ နွားစသည့်တိရစ္ဆာန်များအား သားသတ်ရုံသို့ရောက်ရှိပြီး အနည်းဆုံး (၂၄) နာရီ အနားပေးပြီးမှသာ အသားထုတ်လုပ်ရန်သတ်ဖြတ်ရမည်။

(ဃ) အသက် (၁၆) နှစ်နှင့် အထက်အရွယ်ရှိ ကျွဲ၊ နွားစသည့် တိရစ္ဆာန်အထီးများနှင့် သားဖောက်ခြင်း မပြုနိုင်သော အမများကိုသာ သတ်ဖြတ်ရမည်။

(င) ဒဏ်ရာကြောင့်ဖြစ်စေ၊ ကိုယ်ခန္ဓာချို့တဲ့၍ဖြစ်စေ အစဉ်သဖြင့်အလုပ်မလုပ်နိုင်သော တိရစ္ဆာန် အထီး/အမ များကိုသာ သတ်ဖြတ်ရမည်။

(စ) သားသတ်ရုံတွင် တိရစ္ဆာန်ဆေးကုဆရာဝန်မှ ကျန်းမာရေး ကြိုတင်စစ်ဆေးခံထားပြီးဖြစ်သော တိရစ္ဆာန်များကိုသာ သတ်ဖြတ်ရမည်။

(ဆ) အသားပြုပြင်ထုတ်လုပ်ရန်အတွက် သတ်ဖြတ်မည့်တိရစ္ဆာန်များသည် ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ မရှိ၊ သတ်ဖြတ်ခွင့်ပြုနိုင်ရန် သတ်မှတ်ချက်များနှင့်ပြည့်စုံမှု ရှိ မရှိ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနရှိ တိရစ္ဆာန်ဆေးကုဆရာဝန်အား စစ်ဆေးပေးနိုင်ရန် ကြိုတင် တင်ပြ စစ်ဆေးပြီး သတ်ဖြတ်ခွင့်ပြုချက်ရမှသာ သတ်ဖြတ်ရမည်။

(ဇ) အသားပြုပြင်ထုတ်လုပ်ခွင့်၊ လုပ်ကိုင်ခွင့်ရရှိသူသည် ဌာနမှဈေးများတွင် ရောင်းချရန် ခွင့်ပြု ထားသော အသားထုတ်လုပ်ခွင့် အခွင့်အရေးလိုင်စင် ဝယ်ယူမှုနှင့် ပတ်သက်မှုမရှိစေရဘဲ အသုံးပြုမည့်ကုန်ကြမ်းအတွက် လိုအပ်သည့်တိရစ္ဆာန်ကောင်ရေအား တင်ပြခွင့်ပြုချက်ရယူပြီး ကော်မတီမှသတ်မှတ်ထားသည့် အခွန်/အခနှုန်းထားအတိုင်းတွက်ချက်၍ ပေးသွင်းရမည်။

**အထွေထွေစည်းကမ်းချက်များ**

၈။ အသားပြုပြင်ထုတ်လုပ်သည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ တိရစ္ဆာန်များ သတ်ဖြတ်ခွင့်ရရှိရန်အတွက် ကော်မတီသို့ လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖြစ်လက်မှတ် ရရှိထားသူ အသက် (၁၈) နှစ်ပြည့်ပြီး အမျိုးသားမှတ်ပုံတင် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြားကို အထောက်အထားအဖြစ် တင်ပြနိုင်သူ ဖြစ်ရမည်။

၉။ အသားထုတ်လုပ်ခွင့် အခွန်၊ အခများအား ပေးသွင်းရန် သတ်မှတ်ရက်ထက်နောက်ကျပါက တစ်ရက်လျှင် ငွေ (၁၀၀) ကျပ် အပေါ် (၅၀) ပြားနှုန်း ရက်လွန်ဒဏ်ကြေးပေးသွင်းရန်နှင့် ပေးသွင်းရမည့် ရက်သည် ရုံးပိတ်ရက်နှင့်တိုက်ဆိုင်ပါက ကြိုတင်ပေးသွင်းရမည်။

၁၀။ အသားထုတ်လုပ်ရာတွင် ကော်မတီပိုင်သားသတ်ရုံနှင့် အဝေးရောက် (ယာယီ) သားသတ်ရုံများတွင် ဌာနမှ သတ်မှတ်ပေးထားသော အချိန်အတွင်းတွင်သာ သတ်ဖြတ်ရမည်။

၁၁။ ကော်မတီက ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် ခွင့်ပြုထားသော တိရစ္ဆာန်ကောင်ရေအတိုင်းသာ သတ်ဖြတ်ရမည်။

၁၂။ ခွင့်ပြုချက်ရရှိသူသည် ကော်မတီမှတာဝန်ပေးအပ်သူ သို့မဟုတ် ဌာနမှ တာဝန်ပေးအပ်သူက လုပ်ငန်းအား အခါအားလျော်စွာ စစ်ဆေးခြင်းကိုခံယူရမည်။

၁၃။ အသားပြုပြင်ထုတ်လုပ်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်ပြုထားသည့်ကာလအတွင်း အသုံးပြုခွင့် ပေးထားသည့် အဆောက်အအုံ၌ နိုင်ငံတော်မှတားမြစ်ပိတ်ပင်ထားသည့် ဥပဒေနှင့် မလွတ်ကင်းသော ကိစ္စရပ်များ ဖြစ်ပွားပေါ်ပေါက်မှုမရှိအောင် ဆောင်ရွက်ရမည်။ အကယ်၍ ပြဿနာပေါ်ပေါက်လာပါက လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်သာဖြစ်သည်။

၁၄။ ကော်မတီ၏ခွင့်ပြုချက်အရမဟုတ်ဘဲ သတ်ဖြတ်ထားသည့် တိရစ္ဆာန်အသေကောင်ကိုဖြစ်စေ၊ အသားကိုဖြစ်စေ၊ တိရစ္ဆာန်ဘေးထွက်ပစ္စည်း (သားရေ) ကိုဖြစ်စေ၊ ပြုပြင်ထုတ်လုပ်ထားသည့်ပစ္စည်းကို ဖြစ်စေ ဌာနမှ ဖမ်းဆီးသိမ်းယူနိုင်သည်။

၁၅။ အသားပြုပြင်ထုတ်လုပ်မည့် အဆောက်အဦပိုင်နက် ဥပစာအတွင်း လေဝင်လေထွက်အပေါက်များ ကောင်းစွာထားရှိရမည့်အပြင် အလင်းရောင်လည်း ကောင်းစွာရရှိအောင် စီမံဆောင်ရွက်ထားရှိရမည်။

၁၆။ လုပ်ငန်းမှထွက်သည့် အမှိုက်သရိုက်၊ အညစ်အကြေးစသည်တို့ကို အများပြည်သူဆိုင်ရာလမ်း၊ လမ်းဘေး၊ ရေမြောင်း၊ ချောင်းများသို့မရောက်ရှိအောင် အထူးစီမံထားရှိရမည်။ အမှိုက်ကို သတ်မှတ်ထားသည့် နေရာတွင်သာ စွန့်ပစ်ရမည်။ အဆောက်အဦပိုင်နက် ဥပစာနှင့် ပတ်ဝန်းကျင်တွင် ရေစီးရေလာကောင်းသော ရေမြောင်းကို စီစဉ်ဆောင်ရွက်ထားရှိရမည်။

၁၇။ ပတ်ဝန်းကျင်အား ညစ်ညမ်းစေသည့် အနံ့အသက်မထွက်စေရန်လည်းကောင်း၊ ကျိုချွဲညစ်ပေသော အရည်မထွက်စေရန်လည်းကောင်း၊ ပတ်ဝန်းကျင်ရှိအများပြည်သူများအား တစ်စုံတစ်ရာအနှောင့်အယှက် မဖြစ်စေရန်တို့အတွက် လိုင်စင်ရရှိသူမှ ကောင်းစွာဆောင်ရွက်ထားရမည်။

၁၈။ အသားပြုပြင်ထုတ်လုပ်သည့်ပစ္စည်းများသည် သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများက သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် ပစ္စည်းများဖြစ်ရမည့်အပြင် ကိုင်တွယ်အသုံးပြုစားသုံးသူများအတွက် ကျန်းမာရေးနှင့် ညီညွတ်စေရမည်။

၁၉။ အသားပြုပြင်ထုတ်လုပ်သည့်လုပ်ငန်းတွင် လုပ်ကိုင်သည့်အလုပ်သမားများသည် ကျန်းမာရေးကောင်းမွန်သူများဖြစ်ပြီး ကူးစက်ပြန့်ပွားတတ်သောရောဂါ ခံစားနေသူများမဖြစ်စေရ။ လက်အိတ်များကို အသုံးပြု၍ သန့်ရှင်းစွာဆောင်ရွက်ရမည်။

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၂၀။ ဤစည်းကမ်းများအရ ခွင့်ပြုချက်ရရှိသူသည် သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ဤစည်းကမ်းချက်ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သတ်မှတ်ထားသောတရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်သော်လည်းကောင်း ခွင့်ပြုချက်ရရှိသူအား ကော်မတီသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေ (၁၀၀,၀၀၀) ကျပ် တပ်ရိုက်ခြင်း၊

(ဂ) ခွင့်ပြုထားသော လိုင်စင်အား ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) အသားပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းနှင့်စပ်လျဉ်း၍ တိရစ္ဆာန်များ သတ်ဖြတ်ခွင့်အား ပယ်ဖျက်ခြင်းနှင့် (Blacklist) စာရင်းတင်သွင်းခြင်း၊ အာမခံအပ်ငွေများကို ကော်မတီပိုင်ဘဏ္ဍာငွေအဖြစ် သိမ်းယူခြင်း၊ အာမခံ တင်သွင်းထားသောပစ္စည်းများကို လေလံတင်ရောင်းချ၍ ကော်မတီကရရန်ရှိသည်တို့ကိုသိမ်းယူခြင်း။

၂၁။ ကော်မတီသည် အထက်အပိုဒ် ၂၀၊ အပိုဒ်ခွဲ (ခ) ပါ ဒဏ်ကြေးငွေများကို သင့်လျော်သလို ပြင်ဆင်သတ်မှတ်နိုင်သည်။

**တားမြစ်ချက်များနှင့် အရေးယူခြင်း**

၂၂။ မည်သူမျှ -

(က) ကော်မတီက အသားပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းနှင့်စပ်လျဉ်း၍ သတ်ဖြတ်ခွင့်ပြုသည့် တိရစ္ဆာန်ကောင်ရေထက် ပိုမိုသတ်ဖြတ်ခြင်း မပြုရ၊

(ခ) လုပ်ငန်းတည်ရှိရာနေရာနှင့် လူနေရပ်ကွက်အတွင်း သားသတ်ရုံတည်ထောင်ခြင်း၊ သားသတ်ခြင်း၊ အသားထွင်ခြင်း မပြုရ၊

(ဂ) သန့်ရှင်းလတ်ဆတ်မှုမရှိသော အသားများကို ပြုပြင်ထုပ်ပိုးရောင်းချခြင်း မပြုရ။

၂၃။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူများသည် ဤစည်းကမ်းများပါ ပြဋ္ဌာန်းချက်များအပြင် ကော်မတီက အခါအားလျော်စွာထုတ်ပြန်သည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်း၊ အမိန့်များ၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

၂၄။ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လုပ်ငန်းဆောင်ရွက်ခြင်းအား ပတ်ဝန်းကျင်မှ ကန့်ကွက်မှုများရှိလာပါက ကွင်းဆင်းစစ်ဆေး၍ ကော်မတီညွှန်ကြားချက်အတိုင်း ပြုပြင်စေပြီး စံချိန်စံညွှန်းများနှင့်ကိုက်ညီမှုရှိ၍ သင့်လျော်သည်ဟု ကော်မတီမှယူဆပါက လုပ်ငန်းလုပ်ကိုင်ခွင့်ပြုနိုင်သည်။

၂၅။ အသားပြုပြင်ထုတ်လုပ်ရန်အတွက် တိရစ္ဆာန်များသတ်ဖြတ်ခွင့်လိုင်စင်ရရှိသူသည် ဤစည်းကမ်းပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် နေပြည်တော်စည်ပင်သာယာရေးဥပဒေနှင့် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းခံရမည်။

၂၆။ ဌာနမှူးသည် ကော်မတီကိုတာဝန်ခံ၍ ဤစည်းကမ်းများနှင့်အညီ ကြီးကြပ်ကွပ်ကဲရမည်။

၂၇။ ဤအမိန့်ကြော်ငြာစာသည် ဤကိစ္စနှင့်စပ်လျဉ်း၍ နောက်ထပ် အမိန့်တစ်စုံတစ်ရာမထုတ်ပြန်သရွေ့ အတည်ဖြစ်စေရမည်။

ဒေါက်တာမျိုးအောင်
မြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရ**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၄၇/ ၂၀၁၉)**

ရန်ကုန်မြို့၊ ၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့တွင် တာဝန်ပေးအပ်ထားသော စီမံခန့်ခွဲရေး ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှ ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဒေါက်တာတိုးအောင် မစ-၁၁၇၃ အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့မှစ၍ ယင်းရာထူးတွင် အတည်ပြုခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၄၉/ ၂၀၁၉)**

ရန်ကုန်မြို့၊ ၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်များ၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်အမှတ် ၆။ (က/၅၇) (၁) (ဃဃ) အရ ပြည်သူ့ကျန်းမာရေးနှင့် ဈေးများလုပ်ငန်းတာဝန်ခံအဖွဲ့၊ ကျန်းမာရေးဌာနမှ လက်ထောက်ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ကိုယ်ပိုင်အမှတ် မစ-၁၂၈၄၊ ဒေါက်တာမြင့်သန်းထွန်း အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

မောင်မောင်စိုး၊
ဥက္ကဋ္ဌ (မြို့တော်ဝန်)၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မွန်ပြည်နယ်အစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄/ ၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

၂၀၁၂ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၈။ မွန်ပြည်နယ်ယစ်မျိုးခွန်ဥပဒေ အခန်း ၄၊ ပုဒ်မ ၉၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့မှစ၍ မွန်ပြည်နယ်အတွင်း နိုင်ငံခြားအရက် လက်ကားရောင်းချခွင့်လိုင်စင်များဖြစ်သည့် (FL-6, FL-8, D-1A, FL-11, FL-12) လိုင်စင်ရယူထားသူများအား လိုင်စင်ရနေရာမှအပ အခြားနေရာများတွင် နိုင်ငံခြားအရက် သိုလှောင်ခွင့်နှုန်းထားအဖြစ် လိုင်စင်နှုန်းထား၏ ၄၀ ရာခိုင်နှုန်းကောက်ခံရန် သတ်မှတ်လိုက်သည်။

ဒေါက်တာအေးဇံ
ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ချင်းပြည်နယ်အစိုးရအဖွဲ့**

**ရုံးအမိန့်အမှတ် (၂၁/ ၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်)

ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးဆလိုင်းလွန်ဆဝုန် (ဒုတိယညွှန်ကြားရေးမှူး) အား ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့မှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

## ရုံးအမိန့်အမှတ် (၂၂/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်)

ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ အောက်ဖော်ပြပါ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးအား လက်ထောက်အင်ဂျင်နီယာ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့လည်းကောင်း၊ ဒုတိယဦးစီးမှူး (၂) ဦးတို့အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ ၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်နေ့မှစ၍ အသီးသီး ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

(၁) ဒေါ်နီနီယာန်ခွန် (အငယ်တန်းအင်ဂျင်နီယာ-၂ မှ လက်ထောက်အင်ဂျင်နီယာ)
(၂) ဦးအေးမော့စ်ဒွေ့ါဆန် (အငယ်တန်းအင်ဂျင်နီယာ-၂ မှ လက်ထောက်အင်ဂျင်နီယာ)
(၃) ဦးဗန်ဇအုပ် (ဒုတိယဦးစီးမှူးမှ ဦးစီးအရာရှိ)
(၄) ဦးဟုန်းဖွေ (ဒုတိယဦးစီးမှူးမှ ဦးစီးအရာရှိ)

ဆလိုင်းလျန်လွယ်၊
ဝန်ကြီးချုပ်၊
ချင်းပြည်နယ်အစိုးရအဖွဲ့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

ကရင်ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်၊ မြို့စည်ပင်သာယာရေးအဖွဲ့တို့တွင် တာဝန်ထမ်းဆောင် နေသော အောက်ဖော်ပြပါ ဦးစီးအရာရှိ (၃) ဦးသည် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် လက်ရှိရာထူး၌ အစမ်းခန့်ထားခဲ့သည်မှာ တစ်နှစ်ပြည့်မြောက်ပြီဖြစ်၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ အစမ်းခန့်ကာလတစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

(၁) ဦးစောပိုင်နိုင်ဦး ဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့
(၂) ဦးမန်းမေတ္တာ ကမမောင်းမြို့စည်ပင်သာယာရေးအဖွဲ့
(၃) ဦးစောမြတ်သိန်း ရှမ်းရွာသစ်မြို့စည်ပင်သာယာရေးအဖွဲ့

နန်းခင်ထွေးမြင့်၊
ပြည်နယ်ဝန်ကြီးချုပ်၊
ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကရင်ပြည်နယ်လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်)

### လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာခြင်း

ကရင်ပြည်နယ်လွှတ်တော်၊ ဗမာတိုင်းရင်းသားလူမျိုး လွှတ်တော်မဲဆန္ဒနယ်ကိုယ်စားလှယ် ဦးတေဇထွန်းလှိုင်ထွေး သည် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) နှင့် ၂၀၁၃ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၁၊ နည်းဥပဒေခွဲ (က) နှင့်အညီ မိမိ၏သဘောဆန္ဒအလျောက် နုတ်ထွက်ပြီးဖြစ်သဖြင့် ၂၀၁၃ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၂၊ နည်းဥပဒေခွဲ (က) အရ လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်ကြောင်း ကြေညာအပ်ပါသည်။

စောချစ်ခင်
ဥက္ကဋ္ဌ
ကရင်ပြည်နယ်လွှတ်တော်

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက် ( ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၁၆/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်)

ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၇) နှင့် ကရင်ပြည်နယ်လွှတ်တော်ရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၇) တို့ဖြင့် ဖွဲ့စည်းခဲ့သည့် ဖွဲ့စည်းပုံသစ်နှင့်အညီ ကရင်ပြည်နယ်လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းစိုးစိုးသန်း အား သက်ဆိုင်ရာပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူခွင့်ပြုချက်အရ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)

အမှတ် ၉၈/၂၀၁၉ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၈) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| | | | |
|---|---|---|---|
| (၁) | စိုးလင်း | ကြည်း ၇၄၆၈၃ | ၁-၈-၂၀၁၉ |
| (၂) | လှထူး | ကြည်း ၇၄၆၈၄ | ၆-၈-၂၀၁၉ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

**[ ယခင်အပတ် စိုက်ပျိုးရေးဦးစီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၉ ပိုးသတ်ဆေးဥပဒေမှ အဆက် ]**

ပုံစံ (၃)

## ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့် လိုင်စင်လျှောက်လွှာ

ရက်စွဲ --------------

သို့

ညွှန်ကြားရေးမှူးချုပ်
စိုက်ပျိုးရေးဦးစီးဌာန

၁။ လျှောက်ထားသူ၏အမည် ----------------------------------------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြား/အမျိုးသားမှတ်ပုံတင်/နိုင်ငံခြားသား မှတ်ပုံတင်အမှတ် -----------
--------------------------------------------------------------------------------

၃။ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုအရည်အချင်း ----------------------------------------------
--------------------------------------------------------------------------------

၄။ အမြဲတမ်းနေရပ်လိပ်စာ -------------------------------------------------------------
--------------------------------------------------------------------------------

၅။ ပိုးသတ်ဆေးထုတ်လုပ်၊ ရောင်းချ၊ သိုလှောင်မည့်နေရာ အဆောက်အအုံလိပ်စာ -----------------
--------------------------------------------------------------------------------

(က) အဆောက်အအုံအမျိုးအစား (အမိုး/အကာ/အခင်း) --------------------------------
--------------------------------------------------------------------------

(ခ) ဧရိယာအကျယ်အဝန်း -------------------------------------------------------

(ဂ) သန့်ရှင်းရေး/ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ ပြင်ဆင်ထားရှိမှုများ ------------------
--------------------------------------------------------------------------

၆။ ဖော်စပ်/ ထုတ်လုပ်မည့် ပိုးသတ်ဆေး/ အဆိပ်ရှိပစ္စည်း (များ)၏ အမည်များ------------------
--------------------------------------------------------------------------------

၇။ ထုတ်လုပ်ပြီး ကုန်ပစ္စည်း၏ အသေးစိတ်ဖော်ပြချက် ---------------------------------------
--------------------------------------------------------------------------------

(ဖော်စပ်နည်း၊ အဆိပ်ရှိပစ္စည်းပါဝင်မှု၊ ထည့်သွင်းပစ္စည်းအမျိုးအစားနှင့် အရွယ်အစား၊ ထုပ်ပိုးပစ္စည်း အမျိုးအစားနှင့် အရွယ်အစားစသည်များ)

၈။ ဆေးအလိုက် နှစ်စဉ်ထုတ်လုပ်ရန် ခန့်မှန်းပမာဏ ------------------------------------------
--------------------------------------------------------------------------------

၉။ ထုတ်လုပ်မှုတွင်ပါဝင်ဆောင်ရွက်မည့်တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပညာရပ်ဆိုင်ရာအရည်အချင်းများ ---------
--------------------------------------------------------------------------------

**ပူးတွဲတင်ပြချက်များ**

(၁) လိုင်စင်ခပေးသွင်းပြီးကြောင်းပြေစာမူရင်း၊
(၂) ပညာရပ်ဆိုင်ရာအချက်အလက်များဖော်ပြပါရှိမည့်ထုတ်လုပ်မှုနည်းစနစ်အကျဉ်း၊
(စွန့်ပစ်ရေများ ရေသန့်စင်ရေးနှင့် အခြားစွန့်ပစ်ပစ္စည်းများ သန့်စင်ရေးလုပ်ငန်းများ အပါအဝင်)
(၃) ပိုးသတ်ဆေးမှတ်ပုံတင် သို့မဟုတ် ပြင်ဆင်မှတ်ပုံတင်အမှတ်၊
(၄) ပိုးသတ်ဆေးမူပိုင်ရရှိထားသူ သို့မဟုတ် အဆိပ်ရှိပစ္စည်းထုတ်လုပ်သူ၏ သဘောတူညီချက်၊
(၅) ထုတ်လုပ်မှုတွင်ပါဝင်ဆောင်ရွက်မည့်တာဝန်ရှိပုဂ္ဂိုလ်များ၏ လက်မှတ်၊ ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့် လက်မှတ်မိတ္တူ။

--------------------
လျှောက်ထားသူ၏လက်မှတ်

**[ ဆက်လက်ဖော်ပြပါမည်။ ]**

ပုံစံ (၄)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန

**ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့်လိုင်စင်**

ရက်စွဲ ---------------

၁။ လိုင်စင်အမှတ် -----------------------------------------------------------------------

၂။ ----------------------------------- ကုမ္ပဏီ/လုပ်ငန်းမှ ဦး/ဒေါ် ----------------- နိုင်ငံသား စိစစ်ရေးကတ်ပြား/အမျိုးသားမှတ်ပုံတင်/နိုင်ငံခြားသားမှတ်ပုံတင်အမှတ် ------------------- အား အောက်ဖော်ပြပါ ကျွမ်းကျင်သူဝန်ထမ်းများ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် -------------------------
--------------------------------------------------------------------------------------
တွင်ရှိသော အဆောက်အအုံ/သိုလှောင်ရုံများတွင်ဖော်ပြထားသည့် ပိုးသတ်ဆေးများထုတ်လုပ်ရန် သို့မဟုတ် ဖော်စပ်ရောင်းချရန် ခွင့်ပြုလိုက်သည်။

အမည် ----------------------- ကျွမ်းကျင်မှုဆိုင်ရာ -----------------------
----------------------- အရည်အချင်း -----------------------
----------------------- -----------------------

| ထုတ်လုပ်မည့်ပစ္စည်း အမည် | အသုံးပြုသည့် ကုန်သွယ်မှုအမည် | ပါဝင်သောအဆိပ်ရှိပစ္စည်း ပြင်းအား/ဖော်စပ်ပုံ |
|---|---|---|
| ----------------------- | ----------------------- | ----------------------- |
| ----------------------- | ----------------------- | ----------------------- |
| ----------------------- | ----------------------- | ----------------------- |

**စည်းကမ်းချက်များ**

(က) လိုင်စင်ရရှိသူသည် ထုတ်လုပ်/ဖော်စပ်မည့် ပိုးသတ်ဆေးနှင့်ပတ်သက်၍ မှတ်ပုံတင်ရရှိပြီးဖြစ်ရမည်။

(ခ) ထုတ်လုပ်သောပိုးသတ်ဆေး၏ အရည်အသွေး စံနှုန်းများသည် မှတ်ပုံတင် သို့မဟုတ် ပြင်ဆင်မှတ်ပုံတင် လက်မှတ်တွင် ဖော်ပြထားသော ပိုးသတ်ဆေးအရည်အသွေးများနှင့် ကိုက်ညီမှုရှိရမည်။

(ဂ) လိုင်စင်ရရှိသူသည် ထုတ်လုပ်မှု သို့မဟုတ် ဖော်စပ်ကြီးကြပ်သူတာဝန်ခံပြောင်းလဲလျှင် လိုင်စင်ထုတ်ပေးရာ ဌာန/ပုဂ္ဂိုလ်ထံ ယင်းပြောင်းလဲမှုကို ကြိုတင်အကြောင်းကြားရမည်။

(ဃ) လိုင်စင်ရရှိသူသည် ပိုးသတ်ဆေးတစ်မျိုးမျိုးအား ဖြည့်စွက်ထုတ်လုပ်/ဖော်စပ်ခြင်းကို ဆောင်ရွက်လိုပါက လိုင်စင်ပါ ပိုးသတ်ဆေးအမည်စာရင်းတွင် ဖြည့်စွက်ထည့်သွင်းနိုင်ရန်အလို့ငှာ လျှောက်လွှာအသစ် တစ်စောင် ထပ်မံတင်သွင်းရမည်။

(င) မှတ်ပုံတင်အဖွဲ့မှ အတည်ပြုထားသော တံဆိပ်နှင့်အညွှန်းစာ (မြန်မာဘာသာ) ဖော်ပြပါရှိရမည်။

(စ) ကန့်သတ်ထားသောပိုးသတ်ဆေးအမျိုးအစားကို ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့် လက်မှတ်ရသူများကိုသာ ရောင်းချရမည်။

(ဆ) ပိုးသတ်ဆေးဝယ်ယူသူများ၏အမည်နှင့် နေရပ်လိပ်စာကိုရေးမှတ်ပြီး ပြေစာဖြင့် ရောင်းချရမည်။

(ဇ) လိုင်စင်သက်တမ်းမကုန်ဆုံးမီ သက်တမ်းတိုးရန်နှင့်နောက်ကျပါက သတ်မှတ်သည့်ဒဏ်ကြေးကို ပေးဆောင် ရမည်။ ၆ လ ကျော်လွန်ပါက လိုင်စင်ဖျက်သိမ်းခြင်းခံရမည်။

ရုံးတံဆိပ်

ညွှန်ကြားရေးမှူးချုပ်
စိုက်ပျိုးရေးဦးစီးဌာန

ပုံစံ (၅)

## ပိုးသတ်ဆေးများပြန်လည်ထုတ်ပိုးရောင်းချခွင့်လျှောက်လွှာ

ရက်စွဲ --------------

သို့

ညွှန်ကြားရေးမှူးချုပ်
စိုက်ပျိုးရေးဦးစီးဌာန

၁။ လျှောက်ထားသူ၏အမည်----------------------------------------------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြား/အမျိုးသားမှတ်ပုံတင်/နိုင်ငံခြားသား မှတ်ပုံတင်အမှတ် -----------
-----------------------------------------------------------------------------------

၃။ ပညာရပ်ဆိုင်ရာအရည်အချင်း -----------------------------------------------------

၄။ အမြဲတမ်းနေရပ်လိပ်စာ ----------------------------------------------------------

၅။ ပိုးသတ်ဆေးပြန်လည်ထုပ်ပိုး/ဖြန့်ဖြူး/သိုလှောင်မည့်နေရာ/အဆောက်အအုံ လိပ်စာ -----------
-----------------------------------------------------------------------------------

(က) အဆောက်အအုံအမျိုးအစား (အမိုး/အကာ/အခင်း) ---------------------------------
-----------------------------------------------------------------------------

(ခ) အဆောက်အအုံအကျယ်အဝန်းဧရိယာ ---------------------------------------------

(ဂ) သန့်ရှင်းရေး/ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ ပြင်ဆင်ထားရှိမှုများ ------------------

၆။ ပိုးသတ်ဆေးအမည်၊ မှတ်ပုံတင် သို့မဟုတ် ပြင်ဆင်မှတ်ပုံတင်အမှတ်၊ ထုတ်လုပ်သူ/တင်သွင်းသူ အမည်များ -------------------------------------------------------------------
-----------------------------------------------------------------------------------

၇။ တစ်နှစ်တွင် ပြန်လည်ထုပ်ပိုးမည့် ပိုးသတ်ဆေးပမာဏခန့်မှန်းချက် --------------------------
-----------------------------------------------------------------------------------

၈။ လုပ်ငန်းဆောင်ရွက်မည့် ပုဂ္ဂိုလ်များနှင့် ပညာအရည်အချင်းများ -----------------------------
-----------------------------------------------------------------------------------

**ပူးတွဲတင်ပြရန်**

(၁) လိုင်စင်ခပေးသွင်းပြီးကြောင်း ပြေစာမူရင်း၊

(၂) ထည့်သွင်း/ထုပ်ပိုးပစ္စည်းနမူနာနှင့် တံဆိပ် (အညွှန်းစာ) များ၊

(၃) ပိုးသတ်ဆေးမှတ်ပုံတင်ခွင့်ရရှိထားသူနှင့် ထုတ်လုပ်သူ၏ သဘောထားတူညီချက်စာ၊

(၄) လုပ်ငန်းဆောင်ရွက်မည့် ပုဂ္ဂိုလ်များ၏ ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့် လက်မှတ်မိတ္တူနှင့် ရှေးဦးသူနာပြုနည်းများ ဖြေဆိုအောင်မြင်ကြောင်း ထောက်ခံချက်။

-------------------

လျှောက်ထားသူ၏လက်မှတ်

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက် ( ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**ပီဝိုင်အမ် ဂရင်းကုမ္ပဏီလီမိတက်**

**(PYM GREEN COMPANY LIMITED)**

(အစုရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**PYM GREEN CO., LTD** ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

အစည်းအဝေးကျင်းပမည့်ရက် ။ ။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက်

အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နံနက် (၁၀း၀၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း

ဦးခင်မောင်မြင့် (ကနောင်)
LL.B
(တရားလွှတ်တော်ရှေ့နေ) (စဉ်-၂၇၁၆/၈၄)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၁၀/၁၂)၊ မြေညီထပ်၊ ၃၅-လမ်း (အောက်လမ်း)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၀၉-၅၁၀၈၇၁၄၄၊ ၀၉-၇၈၀၀၀၁၉၅၁

# Sorak Co., Ltd

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၄၈ အရ
## ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ ၁၈-၉-၂၀၁၉ ရက်နေ့က ကျင်းပပြုလုပ်သော အစုရှင်များ၏ အစည်းအဝေး အထူးဆုံးဖြတ်ချက်အရ ဤကုမ္ပဏီလီမိတက်အား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဉ်-၂၆၅၇) အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ သို့အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်းထံသို့ ကုမ္ပဏီ၏မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို ၂၀-၁၀-၂၀၁၉ ရက်နေ့ နောက်ဆုံးထားကာ သက်သေပြစာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးခင်ဝင်း
[B.A., H.G.P., R.L., D.B.L., D.I.L., D.M.L
P.G.D.I.T (New Delhi); D:Jap; M.P.A., M.A (B.L)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံးခန်း) အမှတ်-၁၇၅၊ ပထမထပ်၊ ၄၈ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
(ဖုန်း) - ၀၉၅၀၀၈၅၈၃

# Heart Myanmar Travels & Tours Co., Ltd

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၄၈ အရ
## ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ ၁၈-၉-၂၀၁၉ ရက်နေ့က ကျင်းပပြုလုပ်သော အစုရှင်များ၏ အစည်းအဝေး အထူးဆုံးဖြတ်ချက်အရ ဤကုမ္ပဏီလီမိတက်အား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဉ်-၂၆၅၇) အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ သို့အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်းထံသို့ ကုမ္ပဏီ၏မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို ၂၀-၁၀-၂၀၁၉ ရက်နေ့ နောက်ဆုံးထားကာ သက်သေပြစာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးခင်ဝင်း
[B.A., H.G.P., R.L., D.B.L., D.I.L., D.M.L
P.G.D.I.T (New Delhi); D:Jap; M.P.A., M.A (B.L)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံးခန်း) အမှတ်-၁၇၅၊ ပထမထပ်၊ ၄၈ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
(ဖုန်း) - ၀၉၅၀၀၈၅၈၃

## Aqua Land Trading Co., Ltd

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၄၈ အရ

ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ ၁၈-၉-၂၀၁၉ ရက်နေ့က ကျင်းပပြုလုပ်သော အစုရှင်များ၏ အစည်းအဝေး အထူးဆုံးဖြတ်ချက်အရ ဤကုမ္ပဏီလီမိတက်အား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဥ-၂၆၅၇) အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ သို့အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်းထံသို့ ကုမ္ပဏီ၏မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို ၂၀-၁၀-၂၀၁၉ ရက်နေ့ နောက်ဆုံးထားကာ သက်သေပြစာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးခင်ဝင်း
[B.A., H.G.P., R.L., D.B.L., D.I.L., D.M.L
P.G.D.I.T (New Delhi); D:Jap; M.P.A., M.A (B.L)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံးခန်း) အမှတ်-၁၇၅၊ ပထမထပ်၊ ၄၈ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
(ဖုန်း) - ၀၉၅၀၀၈၅၈၃

## AUTOVOX (MYANMAR) COMPANY LIMITED

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၄၈ အရ

ဖျက်သိမ်းရန် ကြေညာချက်

၁။ **AUTOVOX (MYANMAR) COMPANY LIMITED** ကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ - ၃၄၅ (ခ) အရ ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၁၉. ၉. ၂၀၁၉) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၁၈၁/၁၈၃၊ ပထမထပ်၊ အခန်း (၃၀၃)၊ (၄) လွှာ၊ ၃၄ လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ **ဒေါ်ချိုချိုမြင့် [B.Com (Q)., CPA., Dip in Business Law] (စာရင်းစစ်)၊ ၈/ခမန (နိုင်) ၀၀၆၅၇၆** အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်နန္ဒာမျိုးမြင့်
ဒါရိုက်တာ
AUTOVOX (MYANMAR) COMPANY LIMITED

ဒေါ်ချိုချိုမြင့်
[B.Com (Q)., CPA., Dip in Business Law]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

**ယုံကြည်စိတ်ချရသော ငွေရေးကြေးရေး ကုမ္ပဏီလီမိတက်**

**(TRUSTY FINANCE COMPANY LIMITED)**

ဖျက်သိမ်းရန် ကြေညာချက်

၁။ **ယုံကြည်စိတ်ချရသော ငွေရေးကြေးရေး ကုမ္ပဏီလီမိတက် (TRUSTY FINANCE COMPANY LIMITED)** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၁၉. ၉. ၂၀၁၉) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၅၀၊ (ပ) ထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ **ဦးချန္ဒရာ [B.Sc., H.G.P., LL.B., M.A (Business Law), PGDL]** (တရားလွှတ်တော်ရှေ့နေ) [၁၂/သကတ (နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးကျော်စိန် | ဦးချန္ဒရာ |
| Chairman | တရားလွှတ်တော်ရှေ့နေ |
| TRUSTY FINANCE COMPANY LIMITED | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

**မြန်မာ ယူမြောင်း ကုမ္ပဏီ လီမိတက်**

**(MYANMAR YOOMYUNG COMPANY LIMITED)**

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အစုရှင်များ၏ သာမန်ထက် ထူးကဲသည့် အစည်းအဝေးဆုံးဖြတ်ချက်အရ **မြန်မာ ယူမြောင်း ကုမ္ပဏီ လီမိတက် (MYANMAR YOOMYUNG CO., LTD)** အား ၃၁ ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်ခင်သန့်ဇင်ဦး အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၁၅. ၁၀. ၂၀၁၉ ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်သန့်ဇင်ဦး
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
မြန်မာ ယူမြောင်း ကုမ္ပဏီ လီမိတက်

Under Member's in Company voluntary winding - up

**YUNNAN PROVINCIAL ENERGY INVESTMENT GROUP CO., LTD**

(YANGON REPRESENTATIVE OFFICE)

(Desirable Liquidation in Progress)

Under Myanmar Companies Law Section 357 (Final Meeting and Dissolution)

According to the Myanmar Companies Law, Section 357, to confirm the Liquidation of **YUNNAN PROVINCIAL ENERGY INVESTMENT GROUP CO., LTD (YANGON REPRESENTATIVE OFFICE)**, the Final Meeting will be held on at No-32, Thu Nandar (2) Street, Thu Mingalar Housing, Thingangyun Township, Yangon Region at 10:00 am on 21-10-2019.

U Chandra & U Bo Bo
Advocates
Liquidators
YUNNAN PROVINCIAL ENERGY INVESTMENT GROUP CO., LTD
(YANGON REPRESENTATIVE OFFICE)

**MJ PARKVIEW HEALTHCARE LIMITED**

Notice Under Section 348 of the Myanmar Companies Law
for Members' Voluntary Winding Up of the Company

1. **MJ PARKVIEW HEALTHCARE LIMITED** (the "Company") passed the Written Special Resolution on (18.9.2019) for members' voluntary winding up of the Company.

2. At the Written Special Resolution, members resolved the appointment of liquidator, Daw Thiri (Higher Grade Pleader) having her office address at No. 29, 3rd Floor, 35th Street, Kyauktada Township, Yangon.

3. Therefore, the Company declares that any person who have debts and liabilities to the Company should claim or pay them from / to the liquidator within (30) days from the date of this advertisement.

| U Kyi Shin | Daw Thiri |
|---|---|
| Managing Director | (Higher Grade Pleader) |
| MJ Parkview Healthcare Limited | Liquidator |

**မကောစတီး ကုမ္ပဏီလီမိတက်**

**(MACOSTY CO., LTD)** အား

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၁၃) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မကောစတီး ကုမ္ပဏီလီမိတက် (MACOSTY CO., LTD)** အား (၂၀. ၉. ၂၀၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်မြင့်မြင့်အေး တရားလွှတ်တော်ရှေ့နေအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁) လအတွင်း နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Kyi Kyi Win
Managing Director
Macosty Co., Ltd

ဒေါ်မြင့်မြင့်အေး
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၃၉)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**မြဇော် ကုမ္ပဏီလီမိတက်**

**(MYA ZAW COMPANY LIMITED)**

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မြဇော် ကုမ္ပဏီလီမိတက် (MYA ZAW COMPANY LIMITED)** အား (၁၁. ၉. ၂၀၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B.Com (Q)., CPA] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးမြဇော်
မန်နေးဂျင်းဒါရိုက်တာ
မြဇော် ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ
[B.Com (Q)., CPA]
NGWE INZALY AUDIT FIRM
အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## အင်္ဂလိပ်စာ ပရိုဖဲရှင်နယ် အန်(န်) တက်က်နစ်ကယ် ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်

## (ENGLISH PROFESSIONAL & TECHNICAL SERVICES COMPANY LIMITED)

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **အင်္ဂလိပ်စာ ပရိုဖဲရှင်နယ် အန်(န်) တက်က်နစ်ကယ် ဝန်ဆောင်မှု ကုမ္ပဏီလီမိတက် (ENGLISH PROFESSIONAL & TECHNICAL SERVICES COMPANY LIMITED)** အား (၁၁. ၉. ၂၀၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B.Com (Q)., CPA] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဗန်ဒုမှန်
မန်နေးဂျင်းဒါရိုက်တာ
အင်္ဂလိပ်စာ ပရိုဖဲရှင်နယ် အန်(န်) တက်က်နစ်ကယ်
ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ
[B.Com (Q)., CPA]
NGWE INZALY AUDIT FIRM
အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

Notice Under Myanmar Company Law 2017

## AUSTINPLY MYANMAR PRIVATE LIMITED

(Voluntarily Winding Up)

**Invitation to Final Meeting**

The Final Meeting of **Austinply Myanmar Private Limited** will be held on the following agenda; -

Date : 4.10.2019

Time : 9:30 am

Place : Thukhitar Street, No. (60, 61, 62, 69. 70 & 71),
Dagon Seikkan Industrial Zone (2),
Dagon Seikkan Township, Yangon Region.

- Liquidator's report and returns will be submitted at the Meeting.
- All Shareholders are invited to attend.

Mr. Surendra Kumar Agarwal
Director
AUSTINPLY MYANMAR PRIVATE LIMITED

U Aung Thein
(B. Econ., D.S., R.L)
Advocate (7598)

## TANINTARYI MINING COMPANY LIMITED

## ဖျက်သိမ်းရန်ကြော်ငြာချက်

၁။ **TANINTARYI MINING COMPANY LIMITED** ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် (၁၆. ၉. ၂၀၁၉) နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်သီသီဇင်
Managing Director
Tanintaryi Mining Co., Ltd

ဦးဇင်ဝေ
[B.Com (AA)., CPA (210)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

Notice Under Section 206 (1) of the Myanmar Companies Act

**GLACC - German Language and Consulting Centre Limited**

(In Voluntary Liquidation)

At the Extraordinary General Meeting of the shareholders of the company held on (16.9.2019) the resolution that company was winding-up voluntarily and U Zin Wai (Certified Public Accountant) was appointed as a liquidator was passed on Extraordinary General Meeting Resolution. For above resolution all persons claiming to be creditors of the above company are therefore, requested to submit details of their claims together with any documentary evidence in their possession, to the liquidator at the address given below at the day on (15.10.2019) or before that day.

Simon Patrick Neumann
Managing Director
GLACC - German Language and
Consulting Centre Ltd

U Zin Wai
[B.Com (AA)., CPA (210)]
No. (295), 1st Floor, Anawrahtar Road
Lanmadaw Township, Yangon.

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၂၀-၉-၂၀၁၉။